ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက် ၊ အင်္ဂါနေ့ ၊ (3-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၇)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့အဆင့် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေး၊ လမ်းအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး၊ပုဂ္ဂလိကပိုင်ကျောင်းများ ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ရေး၊ ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့်

စာမျက်နှာ ၁၉ ကော်လံ ၁

ရတနာပုံ ယနေ့ဖတ်စရာ

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ - ၁၆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၁၈

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်ကာကွယ်

ဆောင်းပါး စာမျက်နှာ - ၁၀

နိုင်ငံတာဝန်ကျပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးကို မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၂


နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလ အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီဖြစ်ပေသည်။ ၎င်းတို့၏ တာဝန်ကျေပွန်မှုအတွက် ဂုဏ်ပြုသည့် အနေဖြင့် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသော ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့်

စာမျက်နှာ ၂၁ ကော်လံ ၁



မန္တလေး အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာ၌ သတ်မှတ်စစ်မှုထမ်းကာလပြီးမြောက်သူတစ်ဦးကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မူရာစု” မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ



နေပြည်တော် နိုဝင်ဘာ ၂

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm) “မူရာစု” (MURASU)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

နိုဝင်ဘာ ၂ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ အချိန်တိုင်းထွာချက်အရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မူရာစု(MURASU)” လမ်းကြောင်းပြမြေပုံ။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “မူရာစု”သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက်ရေမိုင် ၇၂၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ မြောက်-အရှေ့မြောက်ဘက်

စာမျက်နှာ ၂၂ ကော်လံ ၄

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံတော်ကအားထားရသော တိုင်းရင်းသားပညာရေးဝန်ထမ်းကောင်းများ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့်ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ယူနိုင်စေရန် မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုအခါ သင်တန်းဆင်းဆရာ၊ ဆရာမ စုစုပေါင်း ၁၄၆၉၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပေသည်။

ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်သည်။ တိုင်းရင်းသား ဆရာ၊ ဆရာမများသည် အနာဂတ် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသ၌ တာဝန်ထမ်းဆောင်ချိန်တွင် မိမိတို့တပည့်များကို ကာယ၊ ဉာဏ်၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသောပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပေသည်။

ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ဘဝနှင့် လောကကိုအလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြသည်။ ထို့ကြောင့် ဆရာသည် တပည့်များကို စာကိုလည်းသင်ပြီး စိတ်ကိုလည်းပြင်ပေးကြရမည်ဖြစ်သည်။ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်စေရန်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတအများအကျိုးဆောင်လိုစိတ်များဖြစ်ပေါ်လာစေရန် သင်ကြားဆုံးမပေးကြရမည်ဖြစ်ပေသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းဆင်းဆရာ၊ ဆရာမများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာစေရန် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ပြုစုပျိုးထောင်မှုကို ခံယူထားသူများဖြစ်သည်နှင့်အညီ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် "ဒို့တာဝန်အရေးသုံးပါး"ကို အခြေခံပြီး အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲကေအားလုံး ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီး



ယင်းမာပင် နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၉၄၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် တင်း ၅၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ မြေပဲ ၂၉၄၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ် မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခမျာနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့် အပြင် ပို့ကုန်မှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

သာစည်မြို့နယ် ဆူးပုတ်ကန်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု စစ်ဆေး

သာစည် နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲတပ်ဆုံကျေးရွာအုပ်စု ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဆူးပုတ်ကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆူးပုတ်ကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၃၄ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ပန်းတနော်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ပန်းတနော် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဦးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ကာ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ အခြားဒေသတွေက ကုန်စိမ်းစျေးကွက်ရှိ ဝယ်လက်တွေကလဲ အဝယ်များနေပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ လက်ရှိမှာ ခရမ်းအစိုင်းသီးနဲ့ ခရမ်းအရှည်သီးရော နှစ်မျိုးစလုံး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ခရမ်းသီးတွေ အရောင်းအဝယ် ကောင်းနေတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်" ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်သောကြောင့် ခရမ်းသီးစိုက်တောင်သူများ၊ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဦးထံမှ သိရသည်။ ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

စဉ့်ကိုင်မြို့နယ် တအုံ(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စဉ့်ကိုင် နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ တအုံ(နောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တအုံ(နောက်)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွှန့်

တံတားဦးမြို့နယ် ပြုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

တံတားဦး နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပြုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၉ ဒသမ ၆သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၅ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးကို ရန်ပုံငွေကျပ် ၄၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၉၉၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

ဝက်လက် နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၉၉၃ ဧက စိုက်ပျိုးမည် ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၉၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာပဲလွမ်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲလွမ်းကို အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေစိုက်ပျိုးဖို့၊ ပိုးမွှားရောဂါ ကင်းစင်ဖို့၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ အသိပညာပေးပါမယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲလွမ်း စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ခင်သာကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊အသင်းသူ ဦးရေ ၂၀ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧရာမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧရာမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများတင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာလအတွင်းက ဧရာမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဧရာမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ဧရာမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်က ဆန်တွေကို အဝယ်လိုက်နေပါတယ်။ ဧရာမင်းဆန်တွေ တင်ပို့ရောင်းချအား ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧရာမင်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀ မှ ၉၈၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးထံမှ သိရသည်။

ကျော်ကျော်လင်း



ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၆)

ပါမောက္ခကိုကိုအောင်



Scientists and researchers unanimously agree that the systematic selection and consumption of vitamin-rich nutrients is a crucial factor for health and longevity.

Prof. Ko Ko Aung

အသက်ရှည်မှုက ကိုယ့်လက်ထဲမှာ

ဘဝတစ်သက်တာ ကျန်းမာရေးနှင့် အသက်ရှည်ရေးသည် ကာယကံရှင်၏အပေါ်၌သာ ရာခိုင်နှုန်းအများစုက တည်မှီလျက်ရှိသည်။

ဗီတာမင်ပါဝင်သည့် အာဟာရများကို စနစ်တကျ ရွေးချယ်စားသုံးခြင်းသည် ကျန်းမာရေးနှင့် အသက်ရှည်ရေးအတွက် အလွန်အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်ကို သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များက တညီတညွတ်တည်း လက်ခံခဲ့ကြပြီးဖြစ်သည်။

သို့ရာတွင် အာဟာရနှင့် ကျန်းမာရေး ထိန်းညှိမှုတစ်ခုတည်းဖြင့် အသက်ရှည်ရေးက ပြည့်စုံဦးမည်မဟုတ်ပေ။ ကျန်းမာပြီး အသက်ရှည်ရေးအတွက် အောက်ပါအချက်အားလုံးကိုပါ ဂရုပြု လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှု (Physical Activity)

ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ်ခြင်းနှင့် အဝလွန်ခြင်းတို့ကို ကာကွယ်ပေးပြီး စိတ်ကျန်းမာရေးကိုပါ ကောင်းမွန်စေလိမ့်မည်ဖြစ်သည်။

စိတ်ဖိစီးမှုကုစားခြင်း (Stress Management)

နာတာရှည်စိတ်ဖိစီးမှုက ကိုယ်ခံအားစနစ်၏ စွမ်းရည်ကိုကျဆင်းစေပြီး နှလုံးရောဂါနှင့် စိတ်ကျရောဂါတို့ကို ဖြစ်စေနိုင်သည့်အတွက် ယောဂကျင့်ခြင်း၊ တရားထိုင်ခြင်းနှင့် အနားယူခြင်းတို့က အသက်ရှည်ရေးအတွက် များစွာအထောက်အကူပြုသည်။

အိပ်စက်ခြင်း အလေ့အထ (Sleep Hygiene)

လုံလောက်ပြီး အရည်အသွေးမြင့်မားသည့် အိပ်စက်မှုက ခန္ဓာကိုယ်ကို ပြန်လည်ပြင်ဆင်မှု၊ မှတ်ဉာဏ်အားကောင်းစေမှု၊ ရောဂါကာကွယ်မှုနှင့် ရောဂါတိုက်ဖျက်မှုတို့အတွက် အရေးပါသည်။

မကောင်းသောအကျင့်ကို ရှောင်ကြဉ်ခြင်း (Avoiding Harmful Habits)

ဆေးလိပ်သောက်ခြင်း၊ အရက်ကို အလွန်အကျွံသောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်း၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေသော ဆေးဝါးများသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ခြင်းက အသက်ရှည်ရန်အတွက် မလုပ်မဖြစ်တာဝန်တစ်ရပ်ဖြစ်သည်။

လူမှုရေးဆက်သွယ်မှု (Social Connection)

မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ကောင်းမွန်သည့်ဆက်ဆံရေး ရှိခြင်းသည် စိတ်ကျန်းမာရေးကို ကောင်းမွန်စေပြီး အထီးကျန်ခြင်းကြောင့် ဖြစ်လေ့ရှိသည့် ကျန်းမာရေးဆိုးကျိုးများကို လျော့ချပေးနိုင်စွမ်းရှိသည်။

ပုံမှန်ကျန်းမာရေးစစ်ဆေးမှု (Regular Health Check-ups)

ကျန်းမာရေးဆိုင်ရာ ချွတ်ယွင်းမှုများနှင့် ရောဂါများကို စောစီးစွာသိရှိပြီး အချိန်မီကုသနိုင်ရန်အတွက် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ရန်ကလည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်ကိုမမေ့အပ်ပေ။

မျိုးရိုးဗီဇ(Genetics)

မျိုးရိုးဗီဇသည် မည်သူမျှထိန်းချုပ်၍မရသော အချက်ဖြစ်သည်မှာမှန်သော်လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံက မျိုးရိုးဗီဇကြောင့် ဖြစ်နိုင်ခြေရှိသော ရောဂါများကို ကာကွယ်နိုင်စွမ်းရှိသည်။

အာဟာရကဏ္ဍ(Nutrition)

ဗီတာမင်များကိုသာမက ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်နှင့် အဆီ (အထူးသဖြင့် ကောင်းမွန်သည့် အဆီ)တို့ကို အချိုးအစား ညီညွတ်မျှတစွာ စားသုံးခြင်းသည် အသက်ရှည်ရေးအတွက် သေချာက်တစ်ခုဖြစ်သည်။

အသင့်စား အစားအစာများ၊ သကြားနှင့် အငန်ဓာတ်များသည့် အစားအစာများကို ရှောင်ကြဉ်ခြင်းနှင့် ရေဓာတ်ပြည့်ဝအောင် ဖြည့်တင်း နေထိုင်ခြင်းတို့ကလည်း အသက်ရှည်နိုင်သည့် နည်းလမ်းကောင်းများဖြစ်ကြသည်။

အသက်ရှည်မှုက ကိုယ့်လက်ထဲမှာသာ

ဗီတာမင်ကြွယ်ဝသော အစားအစာများကို စနစ်တကျ ရွေးချယ်စားသောက်ခြင်းသည် ကျန်းမာပြီး အသက်ရှည်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည့်တိုင် ကိုယ်လက်လှုပ်ရှားခြင်း၊ စိတ်ဖိစီးမှုထိန်းချုပ်ခြင်း၊ လုံလောက်စွာအိပ်စက်ခြင်း၊ မကောင်းသည့်အကျင့်ကိုရှောင်ရှားခြင်း၊ လူမှုအသိုက်အဝန်းနှင့်ကောင်းမွန်သည့် ဆက်ဆံရေးထူထောင်ခြင်း၊ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း စသောကျန်းမာရေးနှင့် ညီညွတ်သည့်ဘဝနေထိုင်မှုပုံစံအလုံးစုံကို ကိုင်တွယ်ကျင့်သုံးမှသာလျှင် ကျန်းမာအသက်ရှည်မှုကို အပြည့်အဝဖော်ဆောင်နိုင်မည်ဖြစ်သည်။

❖ ဗီတာမင်ကြွယ်ဝသောအစားအစာများကို စနစ်တကျရွေးချယ်စားသောက်ခြင်းသည် ကျန်းမာပြီးအသက်ရှည်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည့်တိုင် ကိုယ်လက်လှုပ်ရှားခြင်း၊ စိတ်ဖိစီးမှုထိန်းချုပ်ခြင်း၊ လုံလောက်စွာအိပ်စက်ခြင်း၊ မကောင်းသည့်အကျင့်ကိုရှောင်ရှားခြင်း၊ လူမှုအသိုက်အဝန်းနှင့်ကောင်းမွန်သည့် ဆက်ဆံရေးထူထောင်ခြင်း၊ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း စသောကျန်းမာရေးနှင့် ညီညွတ်သည့်ဘဝနေထိုင်မှုပုံစံအလုံးစုံကို ကိုင်တွယ်ကျင့်သုံးမှသာလျှင် ကျန်းမာအသက်ရှည်မှုကို အပြည့်အဝဖော်ဆောင်နိုင်မည်ဖြစ်သည်။ ❖

အချုပ်ဆိုရသော် ကိုယ့်အသက်ရှည်မှုက ကိုယ်လက်ထဲမှာသာရှိနေသည်ကို ဆင်ခြင်ပြီး ဘဝတစ်သက်တာပတ်လုံး မမေ့မလျော့ မပျေါ်မဆဖြင့် ထိန်းသိမ်းစောင့်ရှောက်နေထိုင်သွားရမည်သာဖြစ်ပါသည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ဂွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖွဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၁၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၁၄၇ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ထောပတ်ပဲဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးရာမှာ အထွက်နှုန်းနဲ့အရည်အသွေးကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးဖို့၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် ထောပတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ထောပတ်ပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။ (၂၀၆)

ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထန်းပင်ကုန်းကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံစွာဖြည့်သွင်းထားမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း နို့စားနွားမွေးမြူခြင်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ အောင်မြင်ကြီးပွားအဖွဲ့၊ ကြွယ်ဝအဖွဲ့၊ ပြည့်စုံအဖွဲ့နှင့် တိုးတက်ချမ်းသာအဖွဲ့ လေးဖွဲ့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

ဆင့်လောင်းကြိုးစား လူငယ်များ

- အတွေ့အကြုံ ရလဒ်များဖြင့်
ခွန်အားသစ် တည်ပါစေ၊
ရှင်သန်ရာ ရည်မှန်းချက်
ဘဝအတွက်ပေ၊
အားသာချက် အားနည်းချက်တွေ
သုံးသပ်ပါလေ ဉာဏ်ချိန်ညှိ၊
အားသစ်တည် အချိန်မနှောင်း
အခွင့်ကောင်းလည်းရှိ။

- ရင့်ကျက်လေ ဉာဏ်အသိ
အမြင့်ထိ လမ်းပြဆောင်၊
အကြိမ်ရေသည် အရှုံးမဟုတ်
ကြိုးကုတ်လူဘောင်၊
တစ်ဖန်ခွန်အား မွေးရအောင်
ရောင်ခြည်လာ တစ်မိုးသောက်၊
မနက်ဖြန်ရဲ့ ခြေလှမ်းများက
အားအင်ပြည့်မောက်။

- ကြိုးစားလျှင် လိုရာရောက်
ခရီးပေါက်ဖို့ ဆက်ရာဝယ်၊
နှစ်ဆတိုးကာ ရှေ့ကိုဆက်
တိုးတက်မြန်မယ်၊
လုံ့လဖြင့် ရပ်တည်ကွယ်
လူငယ်တွေ ပန်းဝင်ကောင်း၊
ကြိုးစားလေ မလျှော့သောဇွဲ
အောင်ပွဲရကြောင်း။ ။

အလင်္ကာ(ပွင့်ဖြူ)

ဒိုက်ဦးမြို့နယ် အုတ်ဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဒိုက်ဦး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အုတ်ဝင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၂၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၆ ဒသမ ၄ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ၁၀၀ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ

ကုလသမဂ္ဂ အနောက်ဆာဟာရဇြမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင် အဆုံးသတ်

နယူးယောက် နိုဝင်ဘာ ၂

သက်တမ်း ၃၅ နှစ်ရှိပြီဖြစ်သော ကုလသမဂ္ဂ အနောက်ဆာဟာရဒေသဇြမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်သည် အဆုံးသတ်ပြီဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က နိုဝင်ဘာ ၁ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီက အနောက်ဆာဟာရဒေသ ဇြမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်ကို သက်တမ်းတိုးပေးရန် ပျက်ကွက်ခဲ့ပြီးနောက် ကုလသမဂ္ဂအကြီးအကဲက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ အနောက်ဆာဟာရဒေသဇြမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်အဆုံးသတ်မှုကို မော်ရိုကိုနိုင်ငံက ကြိုဆိုခဲ့သော်လည်း အယ်လ်ဂျီးရီးယား နောက်ခံပြု ပိုလစ်ဆာရီယိုအဖွဲ့က စိုးရိမ်ကြောင်း သဘောထားပြသခဲ့သည်။

မော်ရိုကိုနိုင်ငံသည် အနောက်ဆာဟာရဒေသကို မော်ရိုကို အချုပ်အခြာပိုင် နယ်မြေအဖြစ် တောင်းဆိုထားသည့် နိုင်ငံဖြစ်ပြီး ပိုလစ်ဆာရီယိုအဖွဲ့ကမူ အနောက်ဆာဟာရဒေသကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်လိုသော ဆာရာဝီလူမျိုးစု နိုင်ငံရေးလှုပ်ရှားမှုဖြစ်ကြောင်း ပြောကြားထားသည်။

ကုလသမဂ္ဂ၏ ကြားဝင် ညှိနှိုင်းမှုဖြင့် မော်ရိုကိုနှင့် ပိုလစ်ဆာရီယိုအဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူခဲ့ပြီးနောက် အနောက်ဆာဟာရ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင် စတင်ခဲ့သည်။

ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်၏ အဆိုအရ အနောက်ဆာဟာရ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်ကို နိုဝင်ဘာ ၁ ရက်တွင် စတင်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းတိုက်ခိုက်မှု အစ္စရေးပြုလုပ်



ဂါဇာစီးတီး နိုဝင်ဘာ ၂

အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ယနေ့တွင် ပါလက်စတိုင်း လူမျိုးသုံးဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်ဟု ဂါဇာဒေသ ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဂါဇာဒေသ ကျန်းမာရေးတာဝန်ရှိသူများ၏အဆိုအရ အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ခန်ယူနုန်မြို့၌ လေကြောင်းတိုက်ခိုက်မှု နှစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခန်ယူနုန်မြို့ လေကြောင်းတိုက်ခိုက်မှုများအတွင်း ပါလက်စတိုင်းလူမျိုး နှစ်ဦးသေဆုံး၍ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာဒေသ ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် အစ္စရေးတပ်မတော်သည် အယ်လ်မူဆာဒါမြို့ကိုလည်း လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ပါလက်စတိုင်း လူမျိုးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ဂါဇာကမ်းခြေအခြေစိုက် ဟားမတ်စ် အုပ်စုကို စစ်ရေးတိုက်ခိုက်မှုများ မြှင့်တင်ပြုလုပ်လျက်ရှိသည်။

ဟားမတ်စ်အုပ်စု အနေဖြင့် လက်နက် ပြန်လည်တပ်ဆင်မှုများ၊ လူသစ်စုဆောင်မှုများ ပြုလုပ်နေကြောင်း အစ္စရေး တပ်မတော်က ပြောကြားထားပြီး ယင်းပြောကြားချက်ကို ဟားမတ်စ် အုပ်စုက ငြင်းပယ်ထားကြောင်း သိရသည်။ **Ref : RT**

Trs : KKO

တရုတ်သမ္မတနှင့် အိုမန်စော်ဘွားတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



ပေကျင်း နိုဝင်ဘာ ၂

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိုမန်စော်ဘွား ဆူလ်တန်ဟိုင်သမ် ဘင်တာရစ်တို့သည် ယနေ့တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် အိုမန်နိုင်ငံတို့ ကြားဆက်ဆံရေးကို တိုးချဲ့တည်ဆောက်ရေးသည် နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာမြောက် ဘုံရွေးချယ်မှုဖြစ်ကြောင်း အိုမန်စော်ဘွားနှင့် တွေ့ဆုံစဉ် သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နှင့် အိုမန်တို့ ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းဝင်စမှတ်ပေါ်၌ ရှိနေပြီဖြစ်ကြောင်းလည်း တရုတ်သမ္မတ ရှီကျင့်ဖျင်က သုံးသပ်ပြောကြားခဲ့သည်။

အိုမန်စော်ဘွားသည် နှစ်ရက်ကြာ တရုတ်ခရီးစဉ်အဖြစ် ပေကျင်းမြို့သို့ နိုဝင်ဘာ ၁ ရက်တွင် စတင်ရောက်ရှိခဲ့ပြီးအဆိုပါ ခရီးစဉ်သည် အိုမန်စော်ဘွား တစ်ဦး၏ ၁၉၇၈ ခုနှစ် နောက်ပိုင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ် ဖြစ်ကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် အိုမန်နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့်ဆက်ဆံရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူပြုမည့် ဆက်ဆံရေးအဖြစ် ထိန်းကျောင်း တည့်မတ်ရေးအတွက် အိုမန်စော်ဘွားနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိသည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အမေရိကန်နှင့် ထပ်မံဖြစ်ပွားမည့် မည်သည့်စစ်ရေးပဋိပက္ခမဆို အချိန်ကြာမြင့်မည်ဖြစ်ကြောင်း အီရန်ပြောကြား

တီဟီရန် နိုဝင်ဘာ ၂

အမေရိကန်နိုင်ငံနှင့် ထပ်မံဖြစ်ပွားနိုင်မည့် မည်သည့်စစ်ရေးပဋိပက္ခမဆို ယခင်ဖြစ်ပွားခဲ့သည်ထက် ကာလကြာမြင့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံ၌ တိုက်ခိုက်ရမည့် ပစ်မှတ်များ ကျန်ရှိနေသေးဆဲဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အီရန်၏ ထိုသို့ပြောကြားချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် သံတမန်ရေးအရ အားထုတ်ကြိုးပမ်းမှုများမှာ အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ စစ်ရေးခြိမ်းခြောက်မှု များကြောင့် ဆိုင်းငံ့ထားရမှုများ ရှိခဲ့ရသည်။

အမေရိကန်နိုင်ငံနှင့် ထပ်မံဖြစ်ပွားနိုင်သည့် အနာဂတ်စစ်ရေးပဋိပက္ခမှာ ယခင်ကထက် ကာလ ကြာမြင့်မည်ဖြစ်ကြောင်း အီရန်တပ်မတော် ပြောဆိုခွင့် ရှိသူက ထုတ်ဖော် ပြောကြားခဲ့သည်။

အီရန်နိုင်ငံအတွင်းရှိ လက်ကျန်စစ်ရေးပစ်မှတ်များကို အမေရိကန်နိုင်ငံအနေဖြင့် မြန်မြန်ဆန်ဆန် တိုက်ခိုက်နိုင်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီး နောက် အီရန်တပ်မတော်ပြောရေးဆိုခွင့်ရှိသူက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အီရန်စစ်ရေးပဋိပက္ခ ကာလတစ်လျှောက်တွင် အမေရိကန်နှင့် အစ္စရေးတို့၏ တိုက်ခိုက်မှုများကို တုံ့ပြန်သည့် အနေဖြင့် အီရန်နိုင်ငံက ဒေသတွင်း နိုင်ငံများကို ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

ချမှူန်းရေးရိုင်ဖယ်ကိုင် ရဲတပ်ဖွဲ့ဝင်များ ဆစ်ဒနီမြို့၌စတင်ကင်းလှည့်



ဆစ်ဒနီ နိုဝင်ဘာ ၂

တပ်မတော်သုံး ချေမှုန်းရေးရိုင်ဖယ်များ တပ်ဆင်ထားသော အထူးရဲတပ်ဖွဲ့ဝင်သစ်များ ဆစ်ဒနီမြို့လမ်းများပေါ်၌ စတင်ကင်းလှည့်နေပြီဟု ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ အတွင်းဖြစ်ပွားခဲ့သော ဘွန်ဒိ ကမ်းခြေ အကြမ်းဖက်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် လျှပ်တစ်ပြက် တုံ့ပြန်ရေး လက်နက်ကိုင်ရဲတပ်ဖွဲ့ အမည်ရှိ အထူးရဲတပ်ဖွဲ့သစ်ကို ဩစတြေးလျအစိုးရက ဖွဲ့စည်းထားခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါ အထူးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဆစ်ဒနီမြို့တွင်းရှိ အများပြည်သူ ဆိုင်ရာနေရာများ၊ အားကစားကွင်း၊ ဘာသာရေး အဆောက်အအုံများ အနီး၌ စတင်ဖြန့်ကြက်ထားကြောင်း နယူးဆောက်သ်ဝေးလ်ပြည်နယ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လျှပ်တစ်ပြက် တုံ့ပြန်ရေး လက်နက်ကိုင် အထူးရဲတပ်ဖွဲ့ကို တိုက်ပွဲဝင်ချေမှုန်းရေး ရိုင်ဖယ်များ တပ်ဆင်ပေးထားသည့် ရဲတပ်ဖွဲ့ဝင် ဦးရေ ၂၅၀ တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

သို့ရာတွင် လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များ အင်အားအလုံးအရင်းဖြင့် ကင်းလှည့်မှုကို ရဲတပ်ဖွဲ့ လုပ်ငန်းစဉ်များ စစ်ပုံသွင်းနေမှုအဖြစ် ဩစတြေးလျ လူ့အခွင့်အရေးအုပ်စုများက ဝေဖန်ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ အတွင်း ဆစ်ဒနီမြို့ ဘွန်ဒိကမ်းခြေ၌ ကျင်းပခဲ့သော ဂျူးဘာသာရေးပွဲတော်ကို သေနတ်သမားနှစ်ဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူ ၁၅ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့



ဝါရှင်တန် နိုဝင်ဘာ ၂

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

စပေ့အိတ် ကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့် စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း၊ လွှတ်တင်ပြီး ၆၂ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားလင့်ခ် ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ၂၀၂၆ ခုနှစ် အတွင်း လွှတ်တင်ခဲ့သည့် ၁၁၈ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖယ်လ်ကွန်-၉ မစ်ရှင် ၁၁၈ ခုအနက် ၇၀ ရာခိုင်နှုန်း ကျော်တို့မှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

အူမကြီးကင်ဆာလူနာများ၏ အသက်ရှင်ခွင့်ကို အိုမီဂါ-၃ ဖက်တီးအက်စစ်က မြှင့်တင်ပေးနိုင်ဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် အူမကြီးကင်ဆာရောဂါလူနာအချို့၏ အသက်ရှင်နိုင်ခွင့် အလားအလာကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသည်းဆီသို့ ကင်ဆာဆဲလ်များ ပျံ့နှံ့နေသည့် အူမကြီးကင်ဆာကို ခွဲစိတ်ဖယ်ရှားမှု မပြုလုပ်မီနှင့် ခွဲစိတ် ဖယ်ရှားခဲ့ပြီးနောက်ပိုင်း Eicosapentaenoic Acid (EPA) ခေါ် ဖက်တီးအက်စစ်တစ်မျိုးကို နေ့စဉ်သောက်သုံးပေးပါက လူနာများ အသက်ရှင်ခွင့်အလားအလာ ပိုမို မြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ EPA ဆေးရည်ကို နေ့စဉ် သောက်သုံးသည့် လူနာများအနက် ၆၂ ရာခိုင်နှုန်းတို့မှာ ငါးနှစ်ထက်ပို၍ အသက်ရှင်နိုင်ခွင့်အလားအလာ ပိုမြင့်မားလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ လေ့လာချက်ရလဒ်ကို အတည်ပြုနိုင်ခဲ့ပါက အသည်းဆီသို့ ပျံ့နှံ့နေသော ကင်ဆာဆဲလ်များကို ခွဲစိတ်ဖယ်ရှားထားသည့် အူမကြီးကင်ဆာ လူနာများ၊ ကင်ဆာဆဲလ်များ မကြာခဏ တစ်ကျော့ပြန်ပေါ်လာတတ်သည့် လူနာများအတွက် EPA အိုမီဂါ-၃ ဖက်တီးအက်စစ်ကို ကုထုံးတစ်မျိုး အဖြစ် အသုံးချနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO

ကြက်တူရွေးဦးခေါင်းနှင့်အလားတူသည့် ဦးခေါင်းမျိုးပိုင်ဆိုင်ထားသော သစ်သီးစား ဒိုင်နိုဆောတစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိထား

ဝါရှင်တန် နိုဝင်ဘာ ၂

ကြက်တူရွေးဦးခေါင်းနှင့် အလားတူသည့် ဦးခေါင်းမျိုးပိုင်ဆိုင်ထားသော သစ်သီးစား ဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် တူးဖော်တွေ့ရှိထားကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Infernogallus Jamesi ဟူ၍ အမည်ပေးထားသော အဆိုပါ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းများကို မွန်တားနားပြည်နယ် ဟဲလ်ခရိစ်ကျောက်လွှာနယ်မြေ၌ အမေရိကန် သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

Infernogallus Jamesi ဒိုင်နိုဆောများသည် အရွယ်အစားအားဖြင့် ကြက်ဆင်တစ်ကောင်၏ အရွယ်အစားရှိပြီး ကြက်တူရွေးဦးခေါင်းကဲ့သို့ ဦးခေါင်းမျိုးပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ကိုယ်အလေးချိန် ၂၅ ပေါင်ခန့် ထိရှိနိုင်သော Infernogallus Jamesi ဒိုင်နိုဆောများသည် သစ်သီးများကို ရွေးချယ်စားသုံးတတ်သည့် ဒိုင်နိုဆောအမျိုးအစား ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏လေ့လာ တွေ့ရှိချက်အရ သိရသည်။

အရွက်စား ဒိုင်နိုဆောများရှိသကဲ့သို့ သစ်သီးစားဒိုင်နိုဆောများလည်း ရှိနိုင်မှုကို သိအိုရီသဘောအရ ရှေးယခင်ကပင်လက်ခံထားသော်လည်း ၎င်းဒိုင်နိုဆောအမျိုးအစား၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ယခုမှပင် ပထမဆုံးအကြိမ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Infernogallus Jamesi ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ဖြဖြ သန်းခန့်ကာလခရီတေးစီးယပ်စ်ဘူမိခေတ်အတွင်းရှင်သန်ခဲ့ကြသော သက်ရှိများဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

TRACERS မစ်ရှင်က ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်းနယ်မြေအပေါ် အာကာသရာသီဥတု၏ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ ပထမဆုံးသတင်းအချက်အလက်များ ရယူနိုင်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၂

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ TRACERS မစ်ရှင်သည် ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်းနယ်မြေအပေါ် အာကာသရာသီဥတု၏ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ ပထမဆုံးသတင်းအချက်အလက်များကို ရယူနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

TRACERS မစ်ရှင်ဂြိုဟ်တု နှစ်စင်းမှရရှိသော သတင်းအချက်အလက်များကြောင့် နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ၏ သဘောသဘာဝကို ပိုမိုရှင်းလင်းစွာ သိမြင်ရလာကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် TRACERS မစ်ရှင် အာကာသယာဉ်နှစ်စင်းကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများနှင့် ကမ္ဘာဂြိုဟ်၏သံလိုက်စက်ကွင်းတို့ကြား မည်သို့အပြန်အလှန် တုံ့ပြန်ဓာတ်ပြုနေတတ်သည်ကို လေ့လာရေးအတွက် TRACERS မစ်ရှင်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် TRACERS မစ်ရှင် အာကာသယာဉ် တစ်စင်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆက်အသွယ်ပြန်လည် ရယူနိုင်ခဲ့ကြောင်း သိရသည်။

TRACERS မစ်ရှင်အာကာသယာဉ်နှစ်စင်းသည် ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်းအပေါ် အာကာသရာသီဥတု၏အကျိုးသက်ရောက်မှုများကို ၂၀၂၇ ခုနှစ် နွေဦးရာသီထိ ဆက်လက် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ဓမ္မတာရာသီကုန်ဆုံးပြီးသော အမျိုးသမီးများ၏ မှတ်ဉာဏ်စွမ်းရည်မြှင့်တင်မှုကို တက်စတိုစတာရုန်းဟော်မုန်းက ကုသပေးနိုင်ဖွယ်မရှိဟုဆို

လန်ဒန် နိုဝင်ဘာ ၂

တက်စတိုစတာရုန်းဟော်မုန်းသည် ဓမ္မတာရာသီကုန်ဆုံးပြီးသည့် အမျိုးသမီးများ၌ ပေါ်ထွက်လာသော ဦးနှောက်ထိုင်းမှိုင်းမှုနှင့် မှတ်ဉာဏ်ပြဿနာများကို ကုသပေးနိုင်ဖွယ်မရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တက်စတိုစတာရုန်းဟော်မုန်းကုထုံးဖြင့် ဓမ္မတာရာသီကုန်ဆုံးပြီးသော အမျိုးသမီးများ၏ ဦးနှောက်ထိုင်းမှိုင်းမှု မှတ်ဉာဏ်ပြဿနာများကို ကုသနိုင်သည်ဟူသော ပြောကြားမှုများ လူမှုမီဒီယာ စာမျက်နှာပေါ်၌ ပျံ့နှံ့နေချိန်တွင် သုတေသနပညာရှင်များ၏ အထက်ပါလေ့လာတွေ့ရှိချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဓမ္မတာရာသီကုန်ဆုံးပြီးသော အမျိုးသမီးများအပေါ် တက်စတိုစတာရုန်းဟော်မုန်း၏ အကျိုးသက်ရောက်မှုကို လေ့လာထားသော လေ့လာချက်စစ်တမ်းများကို ပြန်လည်သုံးသပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ တက်စတိုစတာရုန်းဟော်မုန်းများသည် ဓမ္မတာရာသီကုန်ဆုံးပြီးသည့် အမျိုးသမီး၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကို သိသိသာသာမြှင့်တင်ပေးနိုင်မှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



အီတလီစီးရီးအပြိုင်ပွဲ ၁၀ ပွဲကစားပြီးချိန်တွင် သွင်းဂိုးအများဆုံးကလပ်အသင်းအဖြစ် ရိုးမားအသင်း ရပ်တည်

ရောမ နိုဝင်ဘာ ၂

ရိုးမားအသင်းသည် အီတလီစီးရီးအပြိုင်ပွဲ၌ ၁၀ ပွဲကစားပြီးချိန်တွင် သွင်းဂိုးအများဆုံးကလပ်အသင်းအဖြစ် ရပ်တည်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် အောက်တိုဘာ ၃၁ ရက်က ရိုးမားအသင်းနှင့် အူဒီးနီစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရိုးမားအသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီးနောက် စီးရီးအေပွဲစဉ်(၁၀)ပွဲ ကစားပြီးချိန်တွင် သွင်းဂိုး ၂၈ ဂိုးထိ ရှိလာခဲ့ကာ သွင်းဂိုးအများဆုံး ကလပ်အသင်းအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

အီတလီစီးရီးအပြိုင်ပွဲ၌ ၁၀ ပွဲ ကစားပြီးချိန်တွင် သွင်းဂိုးအများဆုံးကလပ်အသင်းအဖြစ် ၁၉ဂိ၁ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် တို့တွင် ဂျူဗင်တပ်အသင်းက ၂၆ ဂိုးဖြင့် ရပ်တည်ခဲ့သော်လည်း ယခုအခါ ရိုးမားအသင်းက ၂၈ ဂိုးဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်းသည် ယခုနှစ် ဘောလုံးရာသီ နည်းပြဂတ်စ်ပါရီနီ လက်အောက်တွင် အကောင်းဆုံး ပုံစံရရှိနေပြီး အီတလီစီးရီးအေ ပြိုင်ပွဲ၌ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ ဖြင့်အမှတ်ပေးဇယား အဆင့်(၃) နေရာတွင် ရပ်တည်နေသကဲ့သို့ ချန်ပီယံလိဂ် ပြိုင်ပွဲ၌ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားကြောင်းသိရသည်။

Ref : 365 Scores
Trs : STA

မြန်မာလိဂ်ယူ-၂ဝပြိုင်ပွဲ ပွဲစဉ်(၂၂)တွင် ရန်ကုန်ယူနိုက်တက်၊ ရတနာပုံအက်ဖ်စီ၊ ဒဂုံစတားအသင်းတို့ ကိုယ်စီအနိုင်ရ



ရန်ကုန် နိုဝင်ဘာ ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂ဝ ပြိုင်ပွဲ ပွဲစဉ်(၂၂)ပွဲစဉ်များကို ယနေ့ည နေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်း၊ ဒဂုံစတားအသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂ဝ ပြိုင်ပွဲ ပွဲစဉ် (၂၂)ပွဲစဉ်များအဖြစ် ယနေ့ည နေ ၃ နာရီခွဲက တောင်ဒဂုံအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက လေးဂိုး သုံးဂိုးဖြင့်အနိုင်ရပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်နှင့် ၈၅ မိနစ်တို့တွင် ဖော်လင်းအောင်၊ ပွဲချိန် ၄၈ မိနစ်တွင် မင်းထက်သာ၊ ပွဲချိန် ၆၁ မိနစ်နှင့် ၈၇ မိနစ်တို့တွင် စိုးမောင်မောင်တို့က သွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အသင်း အတွက် သွင်းဂိုးများကိုပွဲချိန် ၃၅ မိနစ်နှင့် ၇၇ မိနစ်တို့တွင် ပိုင်သက်ဦး၊ ပွဲချိန် ၃၇ မိနစ်တွင် မျိုးသူလွင်တို့က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဂလက်ဆီအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၄၆မိနစ်တွင် ကျော်သီဟက သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက တောင်ဒဂုံ အားကစားကွင်းတွင် ရော်ဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက ငါးဂိုး တစ်ဂိုး ဖြင့်အနိုင်ရပြီး ဒဂုံစတားအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် ထွန်းထက်ကျော်၊ ပွဲချိန် ၅၈ မိနစ်နှင့် ၆၆ မိနစ်တို့တွင် ညီနိုင်၊ ပွဲချိန် ၈၂ မိနစ်တွင် ဇော်ဂိုဘို ထွဋ်၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် နေသူရိန်ဝင်း တို့ကသွင်းယူခဲ့ပြီး ရော်ဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ခုနှစ်မိနစ်တွင် ကောင်းခန့်ကျော်က သွင်းယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

ကော်နာမက်ဂရီဂေါ်က UFC ပွဲစဉ်တစ်ပွဲထိုးသတ်ပြီးလျှင် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝမှ အနားယူမည်ဟု ပြောကြား



ဒဗွလင် နိုဝင်ဘာ ၂

မြောက်အိုင်ယာလန် ဖိုက်တာ ကော်နာ မက်ဂရီဂေါ်က UFC ပွဲစဉ်နောက်ထပ် တစ်ပွဲထိုးသတ်ပြီးလျှင် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝမှအနားယူမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း MMA Tales သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ UFC အဖွဲ့ချုပ်နှင့် ကော်နာမက်ဂရီဂေါ်တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ တစ်ပွဲသာ ကျန်ရှိတော့ပြီး UFC အဖွဲ့ချုပ်ဘက်မှ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အစီအစဉ်မရှိသကဲ့သို့ ကော်နာမက်ဂရီဂေါ်ကလည်း ၎င်း၏ အသက်အရွယ်အပိုင်းအခြားကြောင့် ဖိုက်တာဘဝမှအနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကော်နာ မက်ဂရီဂေါ်က "ကျွန်တော် ပရိသတ်တွေ အတွက် နောက်ထပ်ပွဲကို သေချာအာရုံစိုက်ပြီးပြန်လာပါမယ်။ အဲ့ပွဲက ကျွန်တော့်ဖိုက်တာဘဝနောက်ဆုံးပွဲပါ။ အဲဒီပွဲပြီးရင်တော့ ကျွန်တော် ပရိသတ်တွေကို အပြီးတိုင်နှုတ်ဆက်သွားမှာပါ။ ကျွန်တော့် နောက်ဆုံးပွဲစဉ်မှာ ပရိသတ်တွေ ဘယ်လောက်တောင်လာအားပေးမလဲဆိုတာကျွန်တော် စောင့်ကြည့်ချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

UFC ကမ္ဘာ့ဖယ်သာဝိတ်တန်းနှင့် ကမ္ဘာ့လိုက်ဝိတ်တန်းချန်ပီယံဟောင်းတစ်ဦးဖြစ်သည့် အသက် ၃၈ နှစ်ရှိ ကော်နာမက်ဂရီဂေါ်သည် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝ ၂၂ ပွဲအနိုင်ရရှိခဲ့ပြီး ခုနစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသူ ဖြစ်ကြောင်း သိရသည်။

Ref : MMA Tales
Trs : STA

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဝေးကွင်းနိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် ဒုတိယမြောက်ကလပ်အသင်းအဖြစ် အာဆင်နယ်အသင်းရပ်တည်

လန်ဒန် နိုဝင်ဘာ ၂

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းပြီးလျှင် ပရီးမီးယားလိဂ် အဝေးကွင်း နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် ဒုတိယမြောက် ကလပ်အသင်းအဖြစ် ရပ်တည်ခဲ့ကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) အဖြစ် နိုဝင်ဘာ ၁ ရက်က လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် အာဆင်နယ်အသင်းက အဝေးကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ် ပြိုင်ပွဲ၌ အဝေးကွင်း နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် ကလပ်အသင်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက ၂၀၂၂ ခုနှစ်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဝေးကွင်းနိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့သည့် ပထမဆုံးကလပ်အသင်းအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အာဆင်နယ်အသင်းက ဒုတိယမြောက်ကလပ် အသင်းအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အဝေးကွင်း နိုင်ပွဲအများဆုံးကလပ် အသင်းများအဖြစ် မန်ယူအသင်းက ၃၂၈ပွဲ၊ အာဆင်နယ်အသင်းက ပွဲ ၃၀၀၊ ချဲလ်ဆီးအသင်းက ၂၉၃ပွဲ၊ လီဗာပူးအသင်းက ၂၈၂ ပွဲ၊ မန်စီးတီးအသင်းက ၂၃၈ ပွဲ၊ စပါးအသင်းက ၁၈၇ပွဲဖြင့် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။


Ref : TNT Football
Trs : STA

VidantaWorld Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား အန်ဒရူးနိုဗက် ချန်ပီယံဆုဆွတ်ခူး

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ကျင်းပခဲ့သည့် VidantaWorld Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား အန်ဒရူးနိုဗက်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်းDP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

VidantaWorld Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးအကျော့ဖြစ်သည့် စတုတ္ထအကျော့ ပွဲစဉ်ကို ယနေ့တွင် ကျင်းပခဲ့ရာ အန်ဒရူးနိုဗက် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ခဲ့သည်။



အန်ဒရူးနိုဗက်သည် VidantaWorld Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအကျော့တွင် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့၊ ဒုတိယအကျော့တွင် ၁၀ ချက်လျော့၊ တတိယအကျော့တွင် ကိုးချက်လျော့၊ စတုတ္ထအကျော့တွင် နှစ်ချက်လျော့ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၅ ချက် လျော့ရိုက်ခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

VidantaWorld Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အန်ဒရူးနိုဗာ၏နောက်တွင် အမေရိကန်နိုင်ငံ ဂေါက်သီးရိုက်ကစားသမား စတီဗင်ဖစ်နှင့် နော်ဝေဂေါက်သီးရိုက်ကစားသမား ဗန်တူရာတို့က သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီဖြင့် ဒုတိယ၊ ကနေဒါ ဂေါက်သီးရိုက်ကစားသမားဟူဂတ်နှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂရစ်ဖင်တို့က သတ်မှတ်ရိုက်ချက်ထက် ၁၉ချက်စီလျော့ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : DP Tour
Trs : STA

ဩစတြေးလျနိုင်ငံ အာကာသနှင့် ဂြိုဟ်တုကုမ္ပဏီက တောမီးလောင်ကျွမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အာကာသနယ်ပယ်ထိ တိုးချဲ့ဆောင်ရွက်သွားရန်ပြင်ဆင်နေ



ကင်ဘာရာ နိုဝင်ဘာ ၂

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် အခြေစိုက်သည့် အာကာသနှင့်ဂြိုဟ်တုကုမ္ပဏီဖြစ်သည့် Spiral Blue က တောမီးလောင်ကျွမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အာကာသနယ်ပယ်ထိ တိုးချဲ့ဆောင်ရွက်သွားရန် ပြင်ဆင်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံတွင် နွေရာသီကာလရောက်တိုင်း တောမီးလောင်ကျွမ်းမှုများဖြင့် ရင်ဆိုင်ရလေ့ရှိသည့်အတွက် တောမီးကို မြေပြင်မှ သော်လည်းကောင်း၊ လေကြောင်း အကူအညီရယူ၍ သော်လည်းကောင်း ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြရကြောင်း၊ ထို့ကြောင့် တောမီးလောင်ကျွမ်းမှုစတင်ဖြစ်ပေါ်သည်နှင့် တောမီးလောင်ကျွမ်းမှုကို ချက်ချင်းသိရှိနိုင်ရေးအတွက် ဂြိုဟ်တုစနစ်အကူအညီရယူကာ သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး လိုအပ်လျက်ရှိကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေရတယ်။ တောမီးလောင်ကျွမ်းမှုကို ချက်ချင်းမသိတဲ့အတွက် အရေးပေါ်အဆင့်ကိုရောက်ပြီး ကြီးမားတဲ့ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့် တောမီးလောင်ကျွမ်းမှုကို ချက်ချင်းသိနိုင်ဖို့အတွက် အာကာသနယ်ပယ်ထိ တိုးချဲ့ဆောင်ရွက်သွားဖို့ ပြင်ဆင်နေပါတယ်"ဟု Spiral Blue ဂြိုဟ်တုကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဘိုလီဗီးယားနိုင်ငံ ပြည်နယ်တချို့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သဘာဝဘေးအန္တရာယ်များကြိုတင်ကာကွယ်နိုင်ရန် အမျိုးသားအဆင့်အရေးပေါ်အခြေအနေသတ်မှတ်

လီမာ နိုဝင်ဘာ ၂

ဘိုလီးဗီးယားနိုင်ငံတွင် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ပြည်နယ်တချို့တွင် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရန် အမျိုးသားအဆင့် အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှုကဲ့သို့ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်တုံ့ပြန်နိုင်ရန် နိုင်ငံအဝိုးရက အမျိုးသားအဆင့် အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ကြောင်း၊ ထိုသို့သတ်မှတ်ခြင်းသည် နိုင်ငံအတွင်း ဒေသအများအပြား၌ ဖြစ်ပွားနေသည့်မိုးခေါင်ရေရှားမှုကို ဖြေရှင်းရန်နှင့် လာမည့်လများအတွင်း ဖြစ်ပေါ်လာနိုင်သည့်ရေကြီးရေလျှံမှုများကို ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ကြောင်း ဘိုလီးဗီးယားနိုင်ငံသမ္မတ ရိုဒရီဂိုပို့ဇ်က ပြောကြားခဲ့သည်။



ထို့ပြင် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုကို လျော့ချနိုင်ရေးအတွက် ဘဏ္ဍာရေးနှင့် လူစွမ်းအား အရင်းအမြစ်များကို စုစည်းအသုံးပြုခြင်း၊ အစိုးရဌာနများကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းနှင့် ထိခိုက်ခဲ့ရသည့်မိသားစုများကို ကူညီနိုင်ရန် နိုင်ငံတကာ၏ ပူးပေါင်းကူညီမှုများရယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် အချို့ဒေသများတွင် မိုးခေါင်ရေရှားမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့အချို့ဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သဖြင့် နိုင်ငံအစိုးရက ယခုကဲ့သို့ အမျိုးသားအဆင့် အရေးပေါ်အခြေအနေသတ်မှတ်ကာ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

အင်္ဂလန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုဖြစ်ပွားပြီး မွေးမြူရေးတိရစ္ဆာန်များ သေဆုံးမှုမြင့်မားလာ

လန်ဒန် နိုဝင်ဘာ ၂

အင်္ဂလန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုဖြစ်ပွားပြီး မွေးမြူရေးတိရစ္ဆာန်များ သေဆုံးမှုမြင့်မားလာကြောင်း ယောက်ခ်ရှိုင်းယားတောင်သူများအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်လျော့ချရေးအတွက် အရေးကြီးဆုံးမှာ သစ်တောကြိုးဝိုင်းများ ဖန်တီးနိုင်ရေး သစ်ပင်များ စိုက်ပျိုးသွားရန် လိုအပ်နေကြောင်း၊ တောင်သူများအနေဖြင့်လည်း သစ်ပင်များ စိုက်ပျိုးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြောင်း၊ လက်ရှိ အင်္ဂလန်နိုင်ငံတွင် ၂၀၂၆ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုမှာ နှစ်ပေါင်း ၁၅၅ နှစ်အတွင်း အမြင့်မားဆုံးသော အပူချိန်ဖြစ်ကြောင်း ဗြိတိန်မိုးလေဝသအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ နွေရာသီအပူပြင်းဆုံးအချိန်တုန်းက နွားတွေကို သွားကြည့်လိုက်တော့ သူတို့အားလုံးက အနည်းငယ်သာရှိတဲ့ သစ်ပင်အောက်မှာ အရိပ်ခိုဖို့ စုရုပ်နေကြတယ်။ ဒါကိုကြည့်ပြီးတော့ ကျွန်တော်တို့ မွေးမြူရေးနဲ့စိုက်ပျိုးရေးသမားတွေအနေနဲ့ အနာဂတ်မှာ ဘာတွေပြင်ဆင်သင့်သလဲ ဆိုတာကို မြင်တွေ့လာရတယ်။ မွေးထားတဲ့ တိရစ္ဆာန်တွေဟာ စိုစွတ်အေးမြတဲ့ ရာသီဥတုကိုသာ သဘောကျပြီး ပူပြင်းတဲ့ရာသီဥတုနဲ့ မကိုက်ညီပါဘူး။ ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားတဲ့ အပင်တန်းတွေနဲ့သစ်ပင်ကြီးတွေက တိရစ္ဆာန်တွေကို နေရောင်ဒဏ်ကနေ ကာကွယ်ပေးနိုင်ပါတယ်။ ဒါကြောင့် ထိခိုက်မှုအနည်း ဆုံးဖြစ်အောင် ကျွန်တော်တို့ကူညီပေးဖို့ လိုအပ်နေပါတယ်"ဟု ဗြိတိန်မိုးလေဝသအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

ဖိလစ်ပိုင်နိုင်ငံ မေယွန်မီးတောင်ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသခံပြည်သူ ၁၄၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့

မနီလာ နိုဝင်ဘာ ၂

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းအယ်လ်ဘေးပြည်နယ်ရှိ မေယွန်မီးတောင်ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသခံပြည်သူ ၁၄၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ ယနေ့ပြောကြားချက်အရ သိရသည်။

ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသူများသည် မီးတောင်၏ အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားသည့် ခြောက်ကီလိုမီတာအတွင်း နေထိုင်သူများဖြစ်ကြောင်း၊ မီးတောင် ထပ်မံပေါက်ကွဲပြီး ချော်ရည်စီးဆင်းမှု၊ ပြာမှုန်များ ကျရောက်မှုနှင့် အခြားဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ဖိလစ်ပိုင်အမျိုးသား ရဲတပ်ဖွဲ့က အဆိုပါအန္တရာယ်ဇုန်အတွင်းသို့ ဝင်ရောက်ခွင့်ကိုလည်း တင်းကျပ်စွာ တားမြစ်ထားကြောင်း သိရသည်။

မေယွန်မီးတောင်သည် အောက်တိုဘာ ၃၁ ရက်မှ ယနေ့ထိ ပေါက်ကွဲမှုများဆက်တိုက် ဖြစ်ပွားခဲ့ပြီး ယနေ့တွင် မီးတောင်ဝမှပြာမှုန်များနှင့် မီးခိုးငွေ့များသည် အမြင့် မီတာ ၃၀၀၀ ခန့်ထိ ရောက်ရှိပျံ့နှံ့ခဲ့ကြောင်း၊ ထိုပေါက်ကွဲမှုဖြစ်စဉ်အပြီး ဖိလစ်ပိုင်နိုင်ငံ မီးတောင်နှင့် ငလျင်ဆိုင်ရာဌာန (PHIVOLCS) က မီးတောင်သတိပေးချက်ကို ယနေ့ထိ ထုတ်ပြန်ထားဆဲ ဖြစ်ကြောင်း သိရသည်။

မေယွန်မီးတောင်ပေါက်ကွဲမှုများကြောင့် ပြာမှုန်များသည် လေထုအတွင်း ပျံ့နှံ့နိုင်သကဲ့သို့ မီးတောင်အနီးရှိ ကျေးရွာများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပြာမှုန်များက ဖုံးလွှမ်းနိုင်သဖြင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ လက်ရှိတွင် မီးတောင်အခြေအနေကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်စောင့်ကြည့်လျက်ရှိပြီး အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် ဒေသများမှ ပြည်သူများကို ကြိုတင်ကာကွယ်ရေးနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

ဂျကာတာ နိုဝင်ဘာ ၂

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် သတိပေးထားကြောင်း အာချေးအရေးပေါ် စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။


ရေကြီးရေလျှံမှုကြောင့် လူနေအိမ်တချို့ ရေလွှမ်းနေပြီး မိုးရွာသွန်းနေဆဲ ဖြစ်သည့်အတွက် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားသွားနိုင်သည်ဟု အာချေးအရေးပေါ်စီခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဒါမာဝမ်က ပြောကြားခဲ့ကြောင်း သိရသည်။

"အာချေးပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ ကျေးလက်ဒေသပေါင်း ၁၂ ရွာမှာ အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ဒေသခံ တော်တော်များများကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ မိုးရေချိန်မြင့်မားစွာ ရွာသွန်းနေဆဲဖြစ်တဲ့အတွက်ကြောင့် မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်လာရင် အခြေအနေပိုဆိုးသွားနိုင်ပါတယ်။ မြစ်ချောင်းတွေနဲ့နီးတဲ့နေရာတွေမှာ နေထိုင်တဲ့ဒေသခံတွေ အနေနဲ့ လိုအပ်လာရင် ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်"ဟု အာချေးအရေးပေါ် စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဒါမာဝမ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်ကာကွယ်

မောင်စိန်အိ(နဘဲမြေ)



NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂.၅ ဒီဂရီဆဲလ်စီးယပ်မှ ၂.၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များသည် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ရောက်ရှိနိုင်ကြောင်းနှင့် ၂၀၂၇ ခုနှစ် မတ်လမှမေလထိ သက်ရောက်မှုများဆက်ရှိနေနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနတို့က ခန့်မှန်းထားသည်။

အကျိုးသက်ရောက်မှုများ

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ ဆောင်းရာသီနှင့်နွေရာသီကာလများတွင် အပူချိန် မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ခြင်း၊ မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုလျော့နည်းသွား၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာ ခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ထို့ပြင် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများအနေဖြင့် အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါတို့လည်း ဖြစ်ပွားနိုင်သည်သာမက မိုးခေါင်ရေရှားမှုနှင့် အပူချိန်ပြင်းထန်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍထိခိုက်နိုင်သကဲ့သို့ တောမီးလောင်ကျွမ်းမှုအန္တရာယ် ပိုမိုဆိုးရွားလာစေပြီး မူမမှန်သည့် ရာသီဥတုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်နိုင်သည်။

ကြိုတင်ပြင်ဆင်ထားသင့်

မြန်မာနိုင်ငံသည် အပူပိုင်းနိုင်ငံဖြစ်ပြီး အပူချိန်မြင့်မားမှုကို နှစ်စဉ်ကြုံတွေ့ကြရကာ အပူဒဏ်ကို ခံနိုင်ရည်ရှိသည်ဆိုသော်လည်း အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေး၊ စီးပွားရေးပြဿနာများကို သတိပြုသွားကြရန်လိုအပ်သည်။ ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီထိ အယ်လ်နီညိုရာသီဥတုပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေတို့ကို သိုလှောင်ထိန်းသိမ်းသုံးစွဲခြင်း၊ မြို့နယ်အလိုက် အပူရှောင်စခန်းများဖွင့်လှစ်ပေးခြင်း၊ ဆည်၊ တာတမံ၊ ကန်များ၌ ရေသိုလှောင်စုဆောင်းထားခြင်း၊ မလိုလားအပ်ဘဲ သောက်သုံးရေများကို လေလွင့်ဆုံးရှုံးမှု မဖြစ်အောင်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်ခံထားနိုင်ပြီး စားသောက်၍ရနိုင်သော အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရရှိသည်ထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်သည်။

အားကောင်းသည့် အယ်လ်နီညိုရာသီဥတုအခြေအနေသည် စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးနှင့် တောင်ယာသီးနှံများအပေါ် သိသာသည့်သက်ရောက်မှုများ ဖြစ်ပေါ်နိုင်သည်။ ဆန်စပါးသည် ရေလိုအပ်ချက်များသည့် သီးနှံဖြစ်သည့်အလျောက် မိုးရေရရှိမှု နည်းပါးချိန်တွင် အချိန်မီရိတ်သိမ်းနိုင်ရန် သက်တမ်းတိုသည့်မျိုးများကို ရွေးချယ်ခြင်း၊ အပူဒဏ်ခံ၊ ရေငတ်ခံမျိုးများကို ဦးစားပေးရွေးချယ်ခြင်း၊ ရေသွင်းရေထုတ်တစ်လှည့်စီပြုလုပ်ခြင်း၊ စိုက်ပျိုးရေရရှိနိုင်မည့် ရေအရင်းအမြစ်များကို ကြိုတင်တူးဖော်ထိန်းသိမ်းထားခြင်း၊ ပျိုးထောင်ချိန်နှင့် စိုက်ပျိုးချိန်ကို ပုံမှန်ထက်စောခြင်း၊ နောက်ဆုတ်ခြင်းတို့ကို မိုးလေဝသအခြေအနေနှင့် ချိန်ညှိခြင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စားရေရိက္ခာ ထုတ်လုပ်ရာတွင်ဖြစ်ပေါ်လာနိုင်သော စိန်ခေါ်မှုများနှင့် ကျန်းမာရေးအရ ဆိုးရွားစွာထိခိုက်လာနိုင်မှု အခြေအနေများကို ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပေသည်။ စားရေရိက္ခာ ဖူလုံမှုရှိစေရန်အတွက် အဓိကကျသော စိုက်ပျိုးရေ၊ သောက်သုံးရေများကို ပြတ်လပ်ခြင်းမရှိအောင် ကြိုတင်စီမံသိုလှောင်ထိန်းသိမ်းထားရန်သင့်သည်။ မိုးခေါင်ရေရှားမှုကြုံတွေ့နိုင်သော ဒေသများအတွက် ရေသိုလှောင်ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျန်းမာရေးကိုအထူးဂရုပြုရန်လို

ပြည်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် လာမည့်နွေရာသီ၌ ပြင်းထန်အပူဒဏ် အန္တရာယ်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ အပူဒဏ်အန္တရာယ်ကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းတို့မှ အသက်အန္တရာယ်ဖြစ်စေနိုင်သည့် အချက်များကို သတိပြုရမည်ဖြစ်သည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားချိန်တွင် ပြည်သူများအနေဖြင့် ရေများများသောက်ရန်၊ အရိပ်ရ၍ အေးမြသည့်နေရာတွင် အနားယူရန်၊ အပြင်သွားသည့်အခါ ထီး၊ ဦးထုပ်ဆောင်းရန်၊ အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချိုရည် လွန်ကဲစွာသောက်သုံးခြင်းကို ရှောင်ကြဉ်ရန်လိုသည်။ မသန့်ရှင်းသောရေနှင့် အစာအစာမှ ကူးစက်ဖြစ်ပွားနိုင်သော ဝမ်းပျက်၊ ဝမ်းကိုက်၊ အစာအဆိပ်သင့်၊ တိုက်ဖွိုက်၊ အသည်းရောင်၊ အရေပြားနှင့် မျက်စိဆိုင်ရာရောဂါများကို သတိပြုကြရမည်ဖြစ်သည်။

အထူးသဖြင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ပူပြင်းသောနေရောင်အောက်တွင် အပူဒဏ်အကာအကွယ်များမပါရှိဘဲ သွားလာလုပ်ကိုင်ခြင်းကို ဆင်ခြင်ခြင်း၊ သောက်ရေသန့်ကို လုံလောက်စွာသောက်သုံးခြင်း၊ အလွန်ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းအတွင်း၊ ယာဉ်များအတွင်း ချက်ချင်းဝင်ရောက်ခြင်းကို သတိပြုဆောင်ရွက်ခြင်း၊ နေခင်းနေ့လယ်တွင် ရေချိုးခြင်းကို ရှောင်ကြဉ်ခြင်းနှင့် သက်ကြီးရွယ်အိုများနှင့်မကျန်းမာသူများ၊ ကလေးသူငယ်များကို အပူဒဏ်သက်သာသောနေရာများတွင် ထားပေးခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိဖွံ့ဖြိုးဆဲဒေသများတွင် ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟု လေ့လာသုံးသပ်သူများကဆိုသည်။

လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးရခြင်း၏ အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည်။ ရေရှားပါးမှုကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့်ရင်ဆိုင်ရမည်ဟု ကုလသမဂ္ဂပတ်ဝန်ကျင် ထိန်းသိမ်းရေးအဖွဲ့ဆိုင်ရာ အစီအစဉ်(UNEP)အဖွဲ့ကြီးက ခန့်မှန်းထားရှိသည်။ ထို့ကြောင့် ရေအရင်းမြစ်များကို အချိန်မီစနစ်တကျ ထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။

အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို အန်တုနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးသည် များစွာအရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သော်လည်း နေရာဒေသ၊ ရေမြေ၊ ရာသီဥတုအပေါ်မူတည်ပြီး ဒေသတစ်ခုနှင့်တစ်ခု သစ်တောဖုံးလွှမ်းမှုကွာခြားလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသ ၁၃ ခရိုင်သည် ပူပြင်းခြောက်သွေ့ပြီး သစ်တောသစ်ပင်နည်းပါးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှုဧရိယာမြင့်တက်လာရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးအသွင်ဖြင့်ဆောင်ရွက်ပေးခဲ့သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ ဆောင်းရာသီနှင့်နွေကာလများတွင် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

ထို့ကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများအနေဖြင့် သောက်သုံးရေဖူလုံရေးနှင့် အပူဒဏ်ကာကွယ်ရေးအတွက် ရေရှည်အစီအမံများချမှတ်ကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ နွေရာသီတွင်လည်း အလွန်အမင်း ပူပြင်းခြောက်သွေ့နိုင်သဖြင့် သောက်သုံးရေဖူလုံအောင် စုဆောင်းသိုလှောင်ထားသင့်သည်။ တောမီးလောင်ကျွမ်းမှုအန္တရာယ်ကာကွယ်ရေးအတွက် မီးတားလမ်းများဖောက်လုပ်ခြင်းအပါအဝင် ရေရှည်အစီအမံများ ကြိုတင်လုပ်ဆောင်ထားသင့်သည်။

ရာသီဥတုဖောက်ပြန်မှုများသည် တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်လျက်ရှိပြီး မည်သူမှရှောင်လွှဲမရသည့် ဖြစ်စဉ်များဖြစ်သော်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများဖြင့် သဘာဝဘေးကိုရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် သောက်သုံးရေရှားပါးပြတ်လပ်မှုကိုကျော်လွှားနိုင်ရန် သောက်သုံးရေကိုစနစ်တကျသိုလှောင်ခြင်း၊ မိုရေများကိုစနစ်တကျခံယူသိုလှောင်ထားခြင်း၊ ရေကိုချွေတာသုံးစွဲခြင်းတို့အပြင် စားနပ်ရိက္ခာများ၊ ဆေးဝါးများနှင့် စက်သုံးဆီများ ကြိုတင်စုဆောင်ထားခြင်း၊ အပူဒဏ်ခံနိုင်သော ကောက်ပဲသီးနှံများစိုက်ပျိုးခြင်း၊ မွေးမြူရေးခြံများတွင် အရိပ်ရရှိအောင်စီစဉ်ထားခြင်း၊ နေအိမ်များတွင် လေဝင်လေထွက်ကောင်းအောင်စီစဉ်ထားခြင်း၊ ပြင်းထန်အပူချိန်ခံနိုင်သည့် အပူရှောင်စခန်းများ စီမံဆောက်လုပ်ထားခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ထားသင့်ပါသည်။

❖ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ ဆောင်းရာသီနှင့်နွေကာလများတွင် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများအနေဖြင့် သောက်သုံးရေဖူလုံရေးနှင့် အပူဒဏ်ကာကွယ်ရေးအတွက် ရေရှည်အစီအမံများချမှတ်ကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ❖

ကိုးကား

- ၁၆-၉-၂၀၂၆ နှင့် ၈-၁၀-၂၀၂၆ ထုတ် ကြေးမုံသတင်းစာ။

ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရား တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပသွားမည်



ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရားတန်ဆောင်တိုင်ပွဲတော်ကို တွေ့ရစဉ်။

ပြင်ဦးလွင် နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရား တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲနှင့် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကို တန်ဆောင်မုန်း လပြည့်နေ့တွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာအံ့ထူးကံသာဘုရား ဂေါပကအဖွဲ့ဝင် ဦးဝင်းမြင့်ထံမှ သိရသည်။

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရား တန်ဆောင်တိုင် မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတွင် ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်သွားမည်ဖြစ်ပြီး မြို့ချစ်မီးပုံးပျံကြီးနှင့်အတူ စိန်နှားပန်မီးပုံးပျံ၊ ရွှေဧီးကွက်အရုပ် မီးပုံးပျံတို့ကို တန်ဆောင်မုန်း လပြည့်နေ့တွင် လွှတ်တင် ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် တန်ဆောင်တိုင် ဆီမီး ၉၀၀၀ ထွန်းညှိပွဲကို မဟာအံ့ထူးကံသာဘုရားရဲ့ ရင်ပြင်တော်မှာ ကျင်းပမှာဖြစ်ပါတယ်။ မီးပုံးပျံလွှတ်တင်ပွဲကတော့ ဘုရားမီးပုံးပျံကွင်းမှာ ကျင်းပမှာဖြစ်ပါတယ်။ မီးထွန်းပွဲတော်နဲ့အတူ မသိုးသင်္ကန်းရက် ပြိုင်ပွဲလဲပါမယ်။ မသိုးသင်္ကန်းရက် ပြိုင်ပွဲကတော့ နိုဝင်ဘာ ၁၁ ရက် ကတည်းက စမှာပါ။ နိုဝင်ဘာ ၁၅ ရက် မနက်မှာ မသိုးသင်္ကန်းကပ်လှူ ပူဇော်မှာဖြစ်ပါတယ်"ဟု ဦးဝင်းမြင့်က ပြောပြသည်။

ထို့ပြင် ပွဲတော်လာပြည်သူများကို ဧည့်ခံဖျော်ဖြေရေးအစီအစဉ်အဖြစ် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ယိမ်းအကအလှများ၊ ရှမ်းအိုးစည်အဖွဲ့များနှင့် တိုးနရားအကများဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

Martha & Muhammad ဇာတ်ကား၌ မင်းသမီး အမ်မန်ဒါဆေးဖရိုက် ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၂

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Martha & Muhammad ရုပ်ရှင် ဇာတ်ကားတွင် မင်းသမီး အမ်မန် ဒါဆေးဖရိုက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Martha & Muhammad ဇာတ်ကားတွင် အမ်မန်ဒါဆေးဖရိုက်သည် မင်းသမီး ရာရွှန်စတုန်း၊ မင်းသား ရာမီယူဆွတ်တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။


လက်ရှိအချိန်တွင် Martha & Muhammad ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

Martha & Muhammad ဇာတ်ကားကို မင်းသား ရာမီယူဆွတ်ကပင် ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း မင်းသား ရာမီယူဆွတ်ကပင် တာဝန်ယူ ရေးသားပေးထားသည်။

မင်းသမီး အမ်မန်ဒါဆေးဖရိုက်သည် မကြာသေးမီကမှ Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Housemaid ဇာတ်ကားတွင် မင်းသမီး ဆစ်ဒနီဆွင်းနေးနှင့်အတူ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



သစ္စာစိမ်းစိမ်း ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာရုပ်ရှင်ရုံ၌ ပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၂

MRTV-4 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၁၁ ရက်မှ စတင်ထုတ်လွှင့်ပြသမည့် သစ္စာစိမ်းစိမ်း ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်သာယာရှေ့ပင်မောရှိ မင်္ဂလာရုပ်ရှင်ရုံတွင် နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ္စာစိမ်းစိမ်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ထက်မြက်နိုင်ဇင်က ရေးသားထားပြီး ဒါရိုက်တာ ကိုကိုဝင်းက တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ပင်းတယ ဆောင်းရာသီမှာ သုံးလကျော်ကြာအောင် ကြိုးစားအားထုတ်ပြီး ရိုက်ထားတဲ့ ဇာတ်လမ်းတွေမို့ ပရိသတ်အကြိုက်တွေ့မယ်လို့ထင်ပါတယ်။ ဇာတ်လမ်းကို စလက်ခံတုန်းက ခနလုပ်နည်းနည်းပါးပါး ပြောရမယ်ဆိုပြီး



ကား တစ်ဝက်လောက်ဖြစ်နေတယ်။ မနက်ဆို ခနုအကသင်ရတယ်။ ညနေဆို ခနုစကား၊ ခနုစာသင်ရတယ် အမှတ်တရပါပဲ။ ကိုယ်က ရှမ်းဆိုတော့ ခနုစာ၊ ခနုစကား သိပ်မကွာလှဘူးထင်ထားတာ။ ဘာမှမဆိုင်ဘူးလေ။ ထူးထူးခြားခြား နှစ်ဘဝလူဝင်စား ဇာတ်လမ်းပါ။ ဇာတ်လမ်းတွဲလေးလွှင့်တဲ့အခါမှာ အားပေးကြပါအုံး"ဟု သရုပ်ဆောင် စိုင်းစည်တွမ်ခမ်းက ပြောပြသည်။

သစ္စာစိမ်းစိမ်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စိုင်းစည်တွမ်ခမ်း၊ ကောင်းထက်သာ၊ နေဝန်း၊ မိုးကောင်းကင်၊ လင်းယံထက်၊ မင်းသူ၊ ကျော်ဇော ဟိန်း၊ အောင်ခိုင်၊ ထူးသာ၊ ဘုန်းလျှံ၊ ဇော်ဝင်းမောင်၊ သံစဉ်ဆည်းဆာ၊ မေရီမောင်၊ လွန်းခြယ်၊ သန်းသန်းစိုး၊ ခင်မို့မို့အေး၊ ဝါဝါအောင်၊ သုန္ဒေဦး၊ အိမ့်ကြာဖြူနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Telephone ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ပြီးဆုံးပြီဖြစ်

နယူးယောက် နိုဝင်ဘာ ၂

Telephone အမည်ရှိ သပွံလျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ပြီးဆုံးပြီဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Telephone ဇာတ်ကားကို ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် ဆပ်ဘူရီမြို့တော်၌ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် ဘရာဇီးမင်းသမီး လေဆလာဒီအိုလီဗီယာနှင့် အီတလီမင်းသား ရီကာဒို စကာမာစီယိုတို့ ပါဝင်သရုပ်ဆောင်ထားသည်။

Telephone ဇာတ်ကားသည် ထူးခြားဆန်းကြယ်သည့် အိမ်နီး ချင်းတစ်ဦး၏ ပြန်ပေးဆွဲမှုခံထားရသည့် အမျိုးသမီးတစ်ဦး တွေ့ကြုံရသည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အန်သိုနီစကော့ဘန်းက တာဝန်ယူ ရိုက်ကူးပြီး ဝတ္ထုဇာတ် ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်စတန်လေက ရေးသားပေးထားကြောင်း သိရသည်။

Telephone ဇာတ်ကား ရုံတင် ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



Alpha Pictures Hub၊ Opus Picture ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်း ရိုက်ကူးထုတ်လုပ်မည့် အမြဲတမ်းနှင်း ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

Alpha Pictures Hub၊ Opus Picture ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်း ရိုက်ကူးထုတ်လုပ်မည့် အမြဲတမ်းနှင်း ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ကျိုက်ဒေးအပ် နန်ဦးစေတီတော်တွင် နိုဝင်ဘာ ၁ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမြဲတမ်းနှင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာမ နှင်းဆီအောင်က ရေးသားထားပြီး စိုးကျော်ဆန်းက ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ စနိုးမိုင်လီက တာဝန်ယူ ပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒါရိုက်တာ ချာတိတ်မလေးကပြောတယ်၊ ဒီကားကို ဦးမိုးနဲ့ မရရင် မရိုက်ဘူးတဲ့။ ဦးမိုး ဝိတ်ချပေးမလား ဆိုတော့ ကိုယ်လဲအကြောင်းရှာနေရင်း ချမယ်ဆိုပြီးချဖြစ်တာ။ အရင်က ပေါင်အစိတ်ကျတယ်၊ အခုတော့ ၁၈ ပေါင်လောက်ကျသွားပြီ။ ဇာတ်လမ်းလေးက ကောင်းလဲကောင်းတယ်။ ထူးခြားနေတဲ့အတွက် လက်ခံလိုက်တာပါ"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် သရုပ်ဆောင် လွင်မိုးက ပြောပြသည်။

Alpha Pictures Hub၊ Opus Picture ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်း ရိုက်ကူးထုတ်လုပ်မည့် အမြဲတမ်းနှင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် လွင်မိုး၊ အရိုင်း၊ ရဲလှိုင်၊ စွမ်းထက်ညီညီ၊ ဒိုပေါက်၊ ကောင်းဘုန်းထွဋ်၊ ခင်ဝင့်ဝါ၊ လင်းဇာနည်ဇော်၊ နှင်း၊ ဆွ၊ စီလာဝင်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) goes on

Demolition continues on a six-storey building used for online gambling operations in Shwe Kokko Part-II.









Demolition using heavy machinery.

Nay Pyi Taw November 2

In collaboration with neighboring and regional countries, the government has taken measures to totally eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security, and has systematically carried out the complete demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the mechanical demolition of two 6-storey illegal buildings used in online scams and gambling and left to be dismantled in Shwe Kokko (Part-II) completed 70 percent and 40 percent respectively today.

Out of 63 buildings to be dismantled in Shwe Kokko (Part-II), detonation of four and mechanical demolition of another four have completed while plans are underway to systematically bring down the remaining 55 buildings.

The government has effectively cracked down on online scams and gambling as a national responsibility.

100

Sagaing District harvests more than 3,000 acres of sunflower



This photo shows a spectacular view of a sunflower plantation.

Sagaing November 2

According to the district Agriculture Department, local farmers have harvested more than 3,000 acres of sunflower in Sagaing District of Sagaing Region.

A total of 13,794 acres of sunflower were planted in Sagaing District during this year's monsoon crop season. Harvesting of the cultivated sunflower fields began in August this year. As of today, 3,673 acres have been harvested, including 3,118 acres in Sagaing Township and 555 acres in Myinmu Township, with an average yield of 18.68 baskets per acre, according to the district agriculture department.

"This year, 13,794 acres of sunflower were planted in Sagaing District during the monsoon crop season. Harvesting of the cultivated sunflower fields is currently underway, and more than 3,000 acres have been harvested so far. We will continue to promote the expansion of sunflower cultivation, an oilseed crop, to reduce reliance on imported palm oil. Sunflower produces more oil per acre than other oil crops such as groundnut and sesame," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

To expand sunflower cultivation in Sagaing District, township agriculture departments have stepped up agricultural training and awareness programmes. They have also intensified training programmes to enhance the capacity of staff and farmers who plan to grow sunflower.

This year, arrangements have also been made to supply seeds to sunflower growers and sell urea fertilizer at affordable prices. In addition, sunflower seeds produced by farmers have been distributed through farmer-to-farmer seed exchange programmes.

206

Iran says Hormuz Strait can be reopened in 2 days if U.S. meets its demands

Tehran November 2

Iran's Foreign Ministry spokesman Esmaeil Baghaei said on Monday if the United States meets Iran's "legitimate" demands, it will be possible to reopen the Strait of Hormuz within two days.

At a weekly press conference in Tehran, Baghaei said the basis for any indirect interaction between Iran and the United States through mediators remains the seven-day plan proposed by Tehran in September, adding Iran has reduced the period for implementing the plan to two days based on its good faith.

He noted, "We have announced that if Iran's demands are met, the possibility will exist to restore security to the Strait of Hormuz and start the negotiation process in a short period of time," stressing that all these depend on the American side's decision on how to proceed regarding the future of the process.

Baghaei said Iran has articulated its demands "clearly, reasonably, and logically," underlining that unless the United States ends its anti-Iran naval blockade and addresses Tehran's "legitimate" demands, no agreement will be reached and the Strait of Hormuz will not be reopened or secured.

Iran conveyed the seven-day plan containing its conditions for ending the war and reopening the Strait of Hormuz to the United States through mediators on the sidelines of the 81st session of the UN General Assembly in New York on Sept. 22, following which Tehran and Washington have reportedly continued exchanging messages on the proposal.

Xinhua

Refrigeration disruptions hit supermarkets across Europe amid cybersecurity concerns

London November 2

A cyber incident affected refrigeration systems at 13 stores operated by Irish supermarket chain SuperValu on Monday, as similar disruptions were reported across several European countries, raising concerns over the cybersecurity of food retail infrastructure.

Musgrave Group, which owns SuperValu, said the incident was limited to a specific model of refrigeration equipment, forcing the affected stores to remove chilled and frozen food products from sale as a precautionary measure.

"Our monitoring systems alerted us to the issue and we took immediate action," a company spokesperson said, adding that other products remained available as normal.

The company said it was working with equipment suppliers and cybersecurity specialists to investigate the incident and restore normal operations.

In Sweden, grocery retailer Axfood said the freezer systems at a distribution center handling home deliveries of groceries had been hacked.

Xinhua

More than 700 acres of sweet corns planted in Kyaukmyaung Sub-Township



A thriving sweet corn plantation.

Kyaukmyaung November 2

A total of 728 acres of sweet corn have been planted in Kyaukmyaung Sub-Township, Sagaing Region, during this year's winter crop season, according to records from the Kyaukmyaung Sub-Township Agriculture Department.

A total of 2,096 acres of sweet corn have been earmarked for cultivation in Kyaukmyaung Sub-Township during the 2026-2027 winter crop season. Planting began in October this year, and 728 acres had been planted as of today.

"More than 2,000 acres of sweet corn have been earmarked for cultivation in Kyaukmyaung Sub-Township during this year's winter crop season. A total of 728 acres have been planted so far. We are making efforts to ensure that the cultivation target is fully met. At present, planting is progressing ahead of the planned schedule. We are also conducting awareness activities to promote successful crop growth and prevent pest and disease outbreaks," said Daw Po, Head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Township Agriculture Department has been providing training and conducting field demonstrations for farmers cultivating grain maize and sweet corn in Kyaukmyaung Sub-Township. It has also been raising awareness about preventive measures against fall armyworm infestations and integrated pest management practices, including the use of neem-based pesticides and ginger- and chilli-based pest control solutions.

Sweet corn cultivation in Kyaukmyaung Sub-Township yields approximately 15,000 ears per acre, while the cultivation cost is more than K500,000 per acre.

206

Yinmabin Township sees completion of harvesting groundnut plantations

Yinmabin November 2

All groundnut acreage planted during this year's monsoon crop season in Yinmabin Township, Sagaing Region, has been fully harvested, according to records from the Yinmabin Township Agriculture Department.

A total of 2,943 acres of groundnut were cultivated in Yinmabin Township during this year's monsoon crop season. Harvesting began in August, and all the planted acreage has now been fully harvested, with an average yield of more than 40 baskets per acre, according to the department.

"During this year's monsoon crop season, 2,943 acres of groundnut were planted in Yinmabin Township. At present, harvesting has been completed on 100 per cent of the cultivated acreage. The planted acreage exceeded the target, and groundnut cultivation has been progressing successfully. As an oilseed crop, groundnut cultivation has achieved good results, and the acreage has been increasing year by year," said U Hla Myint, Head of the Yinmabin Township Agriculture Department.

In Yinmabin Township, approximately one and a half baskets of groundnut seeds are required to plant one acre. The cultivation cost, including seeds, labour, fertilizers and pesticides, exceeds K200,000 per acre. More than 50 baskets of groundnut can be harvested per acre under normal cultivation conditions.

To ensure successful groundnut cultivation and prevent pest and disease infestations and weed growth, staff from the Township Agriculture Department conducted field inspections and monitoring activities, including collecting field surveillance records from groundnut plantations.

206

Yinmabin District to grow more than 1,000 acres of garlics this year

Yinmabin November 2

Local farmers plan to grow more than 1,000 acres of garlics as cold season crops in Yinmabin District of Sagaing Region this year, according to the district Agriculture Department.

A total of 1,460 acres of garlic are earmarked for cultivation in Yinmabin District during the 2026-2027 winter crop season, with planting scheduled to begin in the fourth week of October this year and continue through December, according to the District Agriculture Department.

"More than 1,000 acres of garlic have been earmarked for cultivation in Yinmabin District during this year's winter crop season. We will make efforts to ensure that the cultivation target is fully met. Garlic cultivation will follow the usual practices. We are also facilitating market linkages to help farmers obtain good prices for their garlic," said Daw Thanda Moe, Head of the Yinmabin District Agriculture Department.

Of the total 1,460 acres earmarked for garlic cultivation in Yinmabin District during the 2026–2027 winter crop season, 1,000 acres are allocated to Yinmabin Township and 460 acres to Kani Township.

The respective Township Agriculture Departments in Yinmabin District will facilitate market linkages to help garlic growers obtain good prices, provide technical assistance on proper storage methods to extend the shelf life of garlic, and promote cultivation in accordance with Good Agricultural Practices (GAP) to improve crop quality.

The cultivation cost for garlic is approximately K10 million per acre, while the average yield is 2,973.17 viss per acre.

206

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

All plantations of green gram harvested in Dabayin Township

Dabayin November 2

Local farmers have reaped all plantations of green gram in Dabayin Township of Sagaing Region, according to the township Agriculture Department.

A total of 19,101 acres of green gram were planted in Dabayin Township during this year's monsoon crop season. Harvesting of the cultivated green gram fields began in September this year, and all the planted acreage has now been fully harvested, with an average yield of 15.31 baskets per acre, according to the township agriculture department.

"This year, 19,101 acres of green gram were planted in Dabayin Township during the monsoon crop season. At present, harvesting has been completed on 100 percent of the cultivated acreage. With regard to green gram cultivation, farmers have been provided with agricultural awareness programmes on expanding cultivation areas and using quality and pure seeds to achieve good yields," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

This year, the Township Agriculture Department has conducted awareness programmes for green gram growers in Dabayin Township on obtaining quality and pure seeds suitable for local conditions, adopting proper cultivation methods, preventing pest and disease infestations, applying fertilizers systematically and achieving higher yields.

During this year's monsoon crop season, the department has also been working in cooperation with farmers engaged in growing various pulses to ensure better yields and quality through the provision of quality and pure seeds, necessary agricultural inputs and post-harvest technology training.

206

အိန္ဒိယက ကန်ဒေါလာ ၂၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ကာကွယ်ရေးပစ္စည်းများဝယ်ယူရေးအတွက် သဘောတူ



အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးဝယ်ယူရေးကောင်စီ (Defence Acquisition Council – DAC) သည် အမေရိကန်ဒေါလာ ၂၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ တပ်မတော်သုံး ကာကွယ်ရေးပစ္စည်းများ ဝယ်ယူရေးအဆိုပြုချက်များအတွက် သဘောတူ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း Asian Military Review သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဝယ်ယူရေးအစီအစဉ်များတွင် ကိုယ်တိုင်မောင်းအမြောက်စနစ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့စနစ်များ၊ ရေတပ်သုံးစနစ်များနှင့် မိုးလေဝသရေဒါများ ပါဝင်ကြောင်း သိရသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရဝယ်ယူရန် အဆိုပြုထားသည့် ပစ္စည်းများ၏ ၈၂ ရာခိုင်နှုန်းကို ပြည်တွင်းကာကွယ်ရေး စက်မှုလုပ်ငန်းများမှ ရယူသွားရန် စီစဉ်ထားကြောင်း ဖော်ပြထားသည်။

အိန္ဒိယကြည်းတပ်အတွက် ဝယ်ယူရန် အဆိုပြုထားသည့် ပစ္စည်းများတွင် ရွေ့လျားသွားလာနိုင်စွမ်းမြင့် စစ်သုံးကုန်တင်ယာဉ်များ၊ ချိန်းတပ်၊ ဘီးတပ် အမြောက်စနစ်များ၊ ရန်သူ့ပစ်ခတ်မှုကို တုံ့ပြန်ထောက်လှမ်းနိုင်သည့်စနစ်များ၊ အပေါ့စား ဘက်စုံသုံးရဟတ်ယာဉ်များ၊ တာနီးပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ(VSHORADS)၊ ယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည့် မောင်းသူမဲ့လေယာဉ်တန်ပြန် ကာကွယ်ရေးစနစ်များ (C-UAS)၊ တာဝေးပျံသန်းနိုင်သော မောင်းသူမဲ့လေယာဉ်များ၊ စောင့်ကြည့်ထောက်လှမ်းရေးဒရုန်းများ၊ ပေါင်းစပ်စောင့်ကြည့်ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးစနစ်များ၊ တာဝေးပျံသန်းနိုင်သော Kamikaze ဒရုန်းများပါဝင်သည်။

တာနီးပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ (VSHORADS) ကို မျိုးဆက်သစ်အရွယ်အစားသေးငယ်သော ဝေဟင်ခြိမ်းခြောက်မှုများကို တန်ပြန်ကာကွယ်ရန်အတွက်လည်းကောင်း၊ မောင်းသူမဲ့လေယာဉ် တန်ပြန်ကာကွယ်ရေးစနစ်များ(C-UAS)ကို တင့်ကားများဒရုန်းတိုက်ခိုက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ ချိန်းတပ်၊ ဘီးတပ် အမြောက်စနစ်များသည် ယန္တရားတင်တပ်မဟာများ၏ ရွှေ့လျားစစ်ဆင်နိုင်စွမ်းနှင့် ပစ်ခတ်မှုစွမ်းအားကို မြှင့်တင်ပေးရန်အတွက်လည်းကောင်း ရည်ရွယ်ထားခြင်းဖြစ်သည်။

၎င်းအစီအစဉ်တွင် K9 Vajra-T 155mm L/52 ဟောင်ဝစ်ဇာအမြောက်ယာဉ် ၃၃၅ စီး ထပ်မံဝယ်ယူရန်ပါဝင်သည်။ Larsen & Toubro နှင့် Hanwha ကုမ္ပဏီတို့သည် ၂၀၁၇ ခုနှစ် မေလတွင် K9 Vajra-T အမြောက်ယာဉ်အစီး ၁၀၀ ပထမအသုတ်အတွက် စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နောက်ထပ်အစီး ၁၀၀ ထပ်မံမှာယူခဲ့ကြောင်း သိရသည်။

အိန္ဒိယကြည်းတပ်နှင့် အိန္ဒိယလေတပ်တို့သည် အပေါ့စားဘက်စုံသုံး ရဟတ်ယာဉ်များ ဝယ်ယူရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်သည် ကာလရှည်ကြာဆောင်ရွက်ရန် ကြိုးပမ်းခဲ့သည့် လိုအပ်ချက်နှင့် ဆက်စပ်နေသည်။

ရဟတ်ယာဉ် စုစုပေါင်း ၄၀၀ ခန့် ဝယ်ယူရန် စီစဉ်ထားပြီး ပြည်ပထုတ် ရဟတ်ယာဉ် အမျိုးအစားတစ်မျိုးကို အိန္ဒိယနိုင်ငံအတွင်း လိုင်စင်ဖြင့် တပ်ဆင်ထုတ်လုပ်မည့်အစီအစဉ်နှင့် HAL ကုမ္ပဏီက ပြည်တွင်း၌ ဖွံ့ဖြိုးတည်ဆောက်ထားသည့် အပေါ့စားရဟတ်ယာဉ်တို့ကြားခဲ့ဝေဝယ်ယူသွားမည်ဖြစ်သည်။

အိန္ဒိယလေတပ်အနေဖြင့် ရှေ့တန်းဒေသများတွင် ဒေသအလိုက် မိုးလေဝသ အခြေအနေများကို အသေးစိတ်စောင့်ကြည့် နိုင်ရန် ရွေ့ပြောင်းတပ်ဆင်အသုံးပြုနိုင်သည့် X-band Doppler မိုးလေဝသရေဒါများဝယ်ယူရေးအတွက်လည်း ခွင့်ပြုချက်ရရှိခဲ့သည်။ အဆိုပါရေဒါများသည် ဒေသအလိုက် ကြည်လင်ပြတ်သားသော မိုးလေဝသစောင့်ကြည့်မှုအချက်အလက်များရရှိစေရန် ရည်ရွယ်ထားသည်။

အလားတူ အိန္ဒိယရေတပ်အတွက်လည်း ခေတ်မီသင်္ဘောဖျက်ဒုံးကျည်များ၏တိုက်ခိုက်မှုကို ကာကွယ်တုံ့ပြန်နိုင်ရန် သင်္ဘောပြင်ပမှ အသုံးပြုသည့် Active Off-board Decoy Systems များ ဝယ်ယူရေးအတွက် ခွင့်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။

India approves defence acquisitions, including K9 SPHs, worth US$22.5bn ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်က ဩစတြေးလျထုတ် ပြောင်းချောသေနတ်တပ်ဆင်ထားသည့် တိုက်ခိုက်ရေးဒရုန်းများ ဝယ်ယူရန်ခွင့်ပြု



အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ဩစတြေးလျနိုင်ငံ Skyborne Technologies ကုမ္ပဏီထုတ် Cerberus MI ပြောင်းချောသေနတ်တပ်ဆင်ထားသည့် တိုက်ခိုက်ရေးဒရုန်းများ ဝယ်ယူရန် ခွင့်ပြုခဲ့ကြောင်း The Drone Front သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပုံမှန် အသေခံတိုက်ခိုက်ရေးဒရုန်းများသည် တစ်ကြိမ်တည်း ပျံသန်းတိုက်ခိုက်ရန် ရည်ရွယ်ထုတ်လုပ်ထားသော်လည်း Cerberus MI သည် ပြန်လည်ပျံသန်းနိုင်ခြင်း၊ ကျည်ပြန်လည်ဖြည့်တင်းနိုင်ခြင်းနှင့် ထပ်မံအသုံးပြုနိုင်ခြင်းတို့ကို ရည်ရွယ်ထုတ်လုပ်ထားသည့် အလေးချိန် ၁၈ ကီလိုဂရမ်ရှိ လူတစ်ဦးတည်းသယ်ဆောင်နိုင်သော မောင်းသူမဲ့လေယာဉ်စနစ်ပါဝင်သည်။

၎င်း၏ လေယာဉ်ကိုယ်ထည်ကို လက်နက်ပစ်ခတ်ချိန်တွင် ဖြစ်ပေါ်လာသည့် နောက်ပြန်ကန်အား (Recoil) ကို ခံနိုင်ရည်ရှိစေရန် အထူးဒီဇိုင်းထုတ်ထားပြီး 12-gauge ပြောင်းချောသေနတ်တစ်လက်တပ်ဆင်ထားသည်။ ထို့ပြင် အဆိုပါ ပြောင်းချောသေနတ်နေရာတွင် 40mm Low-Velocity ဗုံးပစ်လောင်ချာကိုလည်း အစားထိုးတပ်ဆင်နိုင်သည်။

Cerberus MI သည် ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသည့် ဉာဏ်ရည်တု (AI) နည်းပညာဖြင့် လမ်းညွှန်ထိန်းချုပ်ထားပြီး အာရုံခံကိရိယာများမှ ရရှိသည့် အချက်အလက်များကို ပေါင်းစပ်အသုံးပြုကာ မီတာ ၃၀၀ ကျော်အကွာအဝေးထိ လူတို့၏ ကြီးကြပ်ဆုံးဖြတ်မှုပါဝင်သည့် ပစ်မှတ်ရွေးချယ်သတ်မှတ်မှု (Human-in-the-Loop Targeting) ကို ဆောင်ရွက်နိုင်သည်။

လက်နက်တပ်ဆင်ထားသည့် အခြေအနေတွင် Cerberus MI သည် ၃၅ မိနစ်ခန့်ပျံသန်းနိုင်ပြီး ဝန်တင်ဆောင်နိုင်မှုမှာ လေးကီလိုဂရမ်ရှိသည်။ အမြင့်ဆုံးပျံသန်းနှုန်းမှာ တစ်နာရီလျှင် ၅၄ ကီလိုမီတာထိရှိသည်။

Cerberus MI သည် ပြန်လည်အသုံးပြုနိုင်ပြီး ကျည်ပြန်လည်ဖြည့်တင်းကာ တိုက်ရိုက်ပစ်ခတ်နိုင်သည့် မောင်းသူမဲ့လေယာဉ်စနစ်တစ်ခုအဖြစ် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် လက်နက်တပ်ဆင်အသုံးပြုနိုင်မှုအမျိုးအစားများကို တိုးချဲ့နိုင်ပြီး ပုံမှန်ကျည်ဆန်များကို အသုံးပြုခြင်းဖြင့် တစ်ကြိမ်ပစ်ခတ်မှုအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်သကဲ့သို့ သယ်ဆောင်ထားနိုင်သည့် ကျည်အရေအတွက်ကိုလည်း ပိုမိုများပြားစေနိုင်ကြောင်း Skyborne Technologies ၏ အမေရိကန်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အမှုဆောင် အရာရှိချုပ် Adrian Dudok က ပြောကြားခဲ့သည်။

"ကျွန်ုပ်တို့၏ အဓိကအာရုံစိုက်မှုမှာ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်အသစ်တွေ ပေါ်ပေါက်လာတိုင်း အခြေခံဟာ့ဒ်ဝဲစနစ်တစ်ခုလုံးကို အကြိမ်ကြိမ် အစားထိုးဖို့မလိုအပ်ဘဲ ပြောင်းလဲလာတဲ့လိုအပ်ချက်တွေနဲ့အညီ လိုက်လျောညီထွေဖြစ်အောင် အသုံးပြုနိုင်တဲ့စနစ်တစ်ခု တည်ဆောက်ဖို့ဖြစ်ပါတယ်"ဟု Skyborne Technologies ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အမှုဆောင်အရာရှိချုပ် Michael Creagh က ပြောကြားခဲ့ကြောင်း သိရသည်။

Australian Kamikaze Drone Armed With Shotgun Approved for Pentagon's Buy List ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

သုံးရေများခွေတာသုံးစွဲရေး ပြည်သူသို့ အသိပေးနှိုးဆော်ချက်

အိမ်တွင်းသုံးရေ ချွေတာရေး နည်းလမ်းများ။

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက် ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။





၂။ ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန် ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း / နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိ စောင့်၍ စုစည်းဆေးကြောပါ။



၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။
(ဥပမာ – ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊
ဆန်ဆေးရေများကို အပင် ရေလောင်းရာတွင် ပြန်လည် အသုံးပြုပါ။)

၅။ ရေကို စနစ်တကျ အသုံးပြုမှု အလေ့အထများကို အသိပညာပေး မျှဝေပါ။
မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာ သုံးစွဲခြင်း၏
အရေးပါပုံကို အသိပညာပေး မျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဘဲ့ရေ ချွေတာဘဲ့ထွဲရေးဆိုင်ရာ နှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။
ရေငွေ့ပျံမှုကို လျော့နည်းစေရန်နှင့် ရေကို အကျိုးရှိရှိအသုံးချနိုင်ရန်
နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ
မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။





၂။ မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့်
ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ်
အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။



၃။ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း
ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက်
ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ
စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသည့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆု၏ **မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော ပြည်တွင်း ယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအခက်အခဲများကို နိုင်ငံတော်အနေဖြင့် မည်သို့ကူညီဖြေရှင်းပေးရန် စီမံထားရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည် ကာ ယာယီနေရပ်စွန့်ခွာအမျိုးသမီးများရွှေ့ပြောင်းနေထိုင်ရသူများအတွက် လိုအပ်သော မိခင်နှင့် မျိုးဆက်ပွားဆိုင်ရာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို အခြားအမျိုးသမီးများနည်းတူ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ်၌ National Sexual and Reproductive Health Policy တွင် ထည့်သွင်းထားသည်နှင့်အညီ ဆောင်ရွက်ပေးနေပါကြောင်း။

အမျိုးသမီးများနှင့်အရေးပေါ်အခြေအနေကဏ္ဍတွင် သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများနှင့်အခြားအရေးပေါ်အခြေအနေများအတွင်း ထိခိုက်ခံစားလွယ်သည့် အမျိုးသမီးများအတွက် ဘေးကင်းလုံခြုံပြီးပိုမိုကောင်းမွန်သော လူမှုဘဝရရှိနိုင်စေရေးနှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းစီမံချက်နှင့်အညီ လုပ်ငန်းအစီအစဉ်များကိုထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကဏ္ဍအနေဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံနှင့်အကြမ်းဖက်မှုမှ လျော့ကျကင်းဝေးစေရေးနှင့် ကြုံတင်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များကို တုံ့ပြန်ရေးလုပ်ငန်းစဉ်များအပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းများကိုစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူများအတွက် ကျား၊ မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းစဉ်များထည့်သွင်းရေးဆွဲထားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျား၊မအခြေပြုအကြမ်းဖက်မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို တိုင်ကြားနိုင်ရန် ယခင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်တွင် ၂၄ နာရီ Helpline တယ်လီဖုန်းနံပါတ် “၁၅၆၆”ဝန်ဆောင်မှုကို တည်ထောင်ထားရှိပြီး တိုင်ကြားလာမှုများကို Case Manager များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာဝန်ကြီးဌာနအောက်တွင် Helpline တယ်လီဖုန်းနံပါတ် “၁၅၄၄”ကို ဖွင့်လှစ်ထားရှိပြီးဖြစ်သဖြင့် “၁၅၄၄”သို့ တိုင်ကြားလာသည့်ဖြစ်ရပ်အပြင် “၁၅၆၆”သို့တိုင်ကြားလာပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့လာသည့်ဖြစ်ရပ်များကိုလက်ခံကာ ဥပဒေအရစီစစ်အရေးယူဆောင်ရွက်နိုင်ရေး Service Provider များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် လိုအပ်ချက်ပေါ်မူတည်၍ ငွေကြေးထောက်ပံ့မှုအနေဖြင့် တရားရင်ဆိုင်ခရီးစရိတ်၊ ပြန်လည်ရပ်တည်ရန်စရိတ်၊ အမျိုးသမီးဦးဆောင်အိမ်ထောင်စုများအတွက်ထောက်ပံ့မှုစရိတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိထောက်ပံ့ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ အမျိုးသမီးရေးရာဝန်ကြီးဌာနက ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာနသည် အကြမ်းဖက်ခံရသူများအတွက် မိသားစု၊ ပတ်ဝန်းကျင်မှ လုံခြုံမှုမပေးနိုင်ပါက “အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့်စင်တာ” (One Stop Women Support Center-OSWSC)ကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လွိုင်ကော်၊ လားရှိုး၊ မုံရွာ၊ စစ်တွေတို့တွင်ဖွင့်လှစ်ထားရှိပြီး နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရပြီး ယာယီလုံခြုံမှုလိုအပ်သည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များကို လက်ခံစောင့်ရှောက်၍ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တရားရေးဆိုင်ရာချိတ်ဆက်မှုပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်းစသည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏ လိုအပ်ချက်ပေါ်မူတည်၍ ဘဝရပ်တည်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါစင်တာများအတွက်စီမံခန့်ခွဲမှု လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲထားရှိပြီး ယင်း Guideline နှင့်အညီ ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် OSWSC များတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများလုံခြုံရေးအတွက် ယာယီခိုလှုံရာနေရာများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများကို လူမှုကွန်ရက်မှတစ်ဆင့် မက်လုံးပေးစည်းရုံး၍ ပြည်ပနိုင်ငံများသို့ လိမ်လည်ပို့ဆောင်နေမှုများအပေါ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် စုံစမ်းဖော်ထုတ်ရရှိမှုများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုများဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သည့်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်တွင်းယာယီနေရပ်စွန့်ခွာအမျိုးသမီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများအား လုံခြုံ၏ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ဘဝလုံခြုံရေးများကို ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနသ်ာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးမိုးမြင့်၏ **မဟာဓာတ်အားလိုင်းမရောက်ရှိသော သဘာဝဓာတ်ငွေ့ထွက်ရှိပြီး သုံးစွဲခွင့်မရသော ပြည်သူများလျှပ်စစ်ဓာတ်အားခသက်သာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် တနသ်ာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်၊ ကော့သောင်းခရိုင်တို့သို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စက်သုံးဆီဒီဇယ်နှင့် ချောဆီ၊ အင်ဂျင်ဝိုင်များကို ဖြန့်ဖြူးရောင်းချပေးရန် အစီအစဉ် ရှိမရှိနှင့် ရောင်းချပေးပါက မည်ကဲ့သို့ဖြန့်ဖြူးရောင်းချပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက တနသ်ာရီတိုင်းဒေသကြီးရှိထားဝယ်ခရိုင်၌ စက်သုံးဆီအရောင်းဆိုင် ၁၉ ဆိုင်၊ မြိတ်ခရိုင်၌ ၁၅ ဆိုင်၊ ကော့သောင်းခရိုင်၌ ခုနစ်ဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် ၄၁ ဆိုင်ရှိပါကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားကဏ္ဍလုပ်ငန်းများအနေဖြင့် တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် နယ်စပ်နှင့် ပင်လယ်ရေကြောင်းတို့မှ တင်သွင်းသည့် စက်သုံးဆီများကို ရောင်းချလျက်ရှိပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တနသ်ာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ပြင်ပရှိ ဒေသခံပြည်သူများ ဓာတ်အားခစျေးနှုန်းချိုသာစွာ အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား အဆက်မပြတ်ရရှိနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒ စက်ရုံစု(သံပရာကန်)မှထုတ်လုပ်သော ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို ဌာနဆိုင်ရာအချင်းချင်းရောင်းစျေးနှုန်းဖြင့် တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ လစဉ်ရောင်းချပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တနသ်ာရီတိုင်းဒေသကြီးအတွင်း ကဏ္ဍအလိုက် လိုအပ်သောစက်သုံးဆီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါသဖြင့် ပဂ္ဂလိကလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဒေသများအလိုက် တင်သွင်းခွင့်ပြုထားသော ကုမ္ပဏီများထံမှ သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ပါကြောင်း၊ ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့တို့တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရန် အတွက်လိုအပ်သော ပြည်တွင်းထုတ်ဒီဇယ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝယ်ယူအသုံးပြုလိုပါက တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလျှောက်ထားသွားရန်ဖြစ်ပါကြောင်းနှင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးစီစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနသ်ာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနသ်ာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြို့နယ်စုပေါင်းရုံးအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မြိတ်)တွင် သင်တန်းသားများလက်ခံစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော လုံခြုံရေးအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)၏ ဝန်ထမ်းအင်အားဖွဲ့စည်းပုံသည်ခွင့်ပြုအင်အား အရာထမ်း သုံးဦး၊ အမှုထမ်း ၂၈ ဦး စုစုပေါင်း ၃၁ ဦးဖြစ်ပြီး ခန့်အပ်အင်အားသည် အရာထမ်း တစ်ဦး၊ အမှုထမ်း ခြောက်ဦး စုစုပေါင်း ခုနစ်ဦးဖြစ်သဖြင့် စခန်းဖွဲ့စည်းပုံလူအင်အား၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းသာဖြစ်ပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီးသူများကို ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)သို့ ၂၀၂၀ ပြည့်နှစ်စခန်းဖွင့်ချိန်မှစ၍ လုပ်ငန်းဆောင်ရွက်မှုနှင့်လိုအပ်ချက်အရ ငွေစာရင်းဖွင့်လှစ် ရန်ပုံငွေလွှဲအပ်လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စခန်းစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များအတွက် တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများကို ပြန်လည်

ထူထောင်ရေးစခန်း(မြိတ်) ၌ သင်တန်းများဆောင်ရွက်နိုင်ချိန်တွင် လိုအပ်ချက်များစိစစ်ပံ့ပိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ပံ့ပိုးကူညီပါက ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)အတွက် ဖြည့်ဆည်းမှုများကို လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်းပြီး မူးယစ်ဆေးဖြတ်ရန် အမှန်တကယ်လိုအပ်သော လူငယ်ဦးရေကိုစစ်တမ်းကောက်ယူခြင်း၊ ဆေးဖြတ်စခန်းဖွင့်လှစ်နိုင်ရန်အတွက် ရှေးဦးစွာ လက်ရှိတည်ရှိနေသော အဆောက်အအုံတွင် လုံခြုံရေးဆိုင်ရာ သံပန်းများတပ်ဆင်ခြင်း၊ အဆောက်အအုံပတ်ဝန်းကျင်တွင် လက်ရှိသံဆန်ခါတပ်တံတိုင်းအစား အုတ်တံတိုင်းတည်ဆောက်နိုင်ရေးအတွက် အသေးစိတ်တွက်ချက်ကာ နီးစပ်ရာဘဏ္ဍာနှစ်များတွင် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ထည့်သွင်းတည်ဆောက်လျာထားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးအောင်တင်မြင့်၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ် (၇)ရပ်ကွက် ဘဲဂရက်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကိုယ့်အားကိုယ်ကိုးအဆောက်အအုံမှာ ပျက်စီးယိုယွင်းနေပါသဖြင့် စံကိုက်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံဆောက်လုပ်ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ဘဲဂရက်ကျေးလက်ကျန်းမာရေးဌာနခွဲသည် တကုန်းကြီးကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး ၂၀၂၄ ခုနှစ်ကတည်းက အလှူရှင်လှူဒါန်းခဲ့သော မြေနေရာပေါ်တွင် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်လှူဒါန်းခဲ့သည့် ဓနိနှင့်သွပ်မိုး၊ ဝါးဘိုးဝါးတိုင်များဖြင့် ဆောက်လုပ်ထားသောအဆောက်အအုံဖြစ်ပါကြောင်း၊ အဆောက်အအုံသည် အိုဟောင်းပြီးကြံ့ခိုင်မှုအားနည်းနေပြီဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာသည် ကွင်းအမှတ်(၁၇၅- B)၊ ဦးပိုင်အမှတ်(၁၂၀/၄၈)အလျား ပေ ၁၀၀၊ အနံ ပေ ၁၀၀၊ သုည ဒသမ ၂၃ကရိ မြို့မြေအမျိုးအစားဖြစ်ပြီး ကျန်းမာရေးဌာန အမည်ပေါက်ပုံစံ(၁၀၅)/(၁၀၆)ရရှိပြီးဖြစ်ပါကြောင်း။

သို့ပါ၍အဆိုပါမြေနေရာပေါ်တွင် စံကိုက်ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံဖြစ်သည့် ဆေးခန်းအဆောက်အအုံတစ်လုံး၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်ကွန်းတိုက်နယ် မြင်ကွန်းကျေးရွာအုပ်စုရှိ ကျေးရွာများကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပို့မိုဆောင်ရွက်ပေးနိုင်ရေးအတွက် မြင်ကွန်းကျေးရွာတွင် တိုက်နယ်ဆေးရုံချထားဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်နှင့် ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင်ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မြင်ကွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး ၎င်းအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ခြောက်ခုဖြင့် ကျေးရွာ ၂၄ ရွာ လူဦးရေစုစုပေါင်း ၂၈၃၄၂ဦးကို လက်ထောက်ကျန်းမာရေးမှူးဦးဆောင်သော ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ လူနာများလွှဲပြောင်းပေးပို့ကုသရန် လိုအပ်ပါက မကွေးပြည်သူ့ဆေးရုံကြီးနှင့် ၂၈ မိုင်၊ သစ်ရာကောက်တိုက်နယ်ဆေးရုံနှင့် ၁၈ မိုင်ခန့် ကွာဝေးပါကြောင်း။

ပုံစံ(၁၀၅)/(၁၀၆)လျှောက်ထားဆဲဖြစ်သော မြင်ကွန်းတိုက်နယ်ဆေးရုံအတွက် လျာထားမြေနေရာသည် လုံလောက်သောအကျယ်အဝန်း လေးဧကရှိခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ပါက ပတ်ဝန်းကျင်ကျေးရွာမှ လူနာများလာရောက်ပြသရေးလွယ်ကူမည်ဖြစ် ပြီး အတွင်းလူနာများပါ ကုသပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြင်ကွန်းတိုက်နယ်ဆေးရုံချထားဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုရှိ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် ရှိ/မရှိ၊ နန်းလွဲကျေးရွာအုပ်စု မုံပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ခွင့်ပြုချထားတည်ဆောက်ပေးရန် ရှိ/မရှိနှင့် ကျောက်တောကျေးရွာအုပ်စုတွင် ဗန်းမက်အပါအဝင် ရွာ ကိုးရွာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများခံယူရန်အတွက် ဗန်းမက်ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်ခွင့်ပြုချထားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရပ်စောက်မြို့နယ် ရေဦးကျေးရွာတွင် အိမ်ခြေ ၂၀၆အိမ်နှင့် လူဦးရေ ၈၄၈ဦးရှိပြီး ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို အင်တောတိုက်နယ်ကျန်းမာရေးဌာနအောက်တွင် ဖွဲ့စည်းထားပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေ ၁၄၁၈ နှင့် လူဦးရေ ၆၆၀၆ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲမှ ၁၅ မိုင်ကွာဝေးသောရပ်စောက်ပြည်သူ့ဆေးရုံသို့မော်တော်ကားဖြင့် ၄၅ မိနစ်ခန့်၊ ၆၁ မိုင်ကွာဝေးသော အင်တောတိုက်နယ်ဆေးရုံသို့မော်တော်ကားဖြင့် သုံးနာရီခန့်သွားရပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံပေးနိုင်သော ကျေးရွာနှင့် လူဦးရေများပြားခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ရန်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း တို့ရှိသည့်အတွက် သတ်မှတ်မြေအကျယ်အဝန်းပိုင်ဆိုင်မှုရှိပါက ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း။

ဆက်လက်၍ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက်လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း**အဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေက တင်သွင်းရာတွင် ပလတ်စတစ်ပစ္စည်းများ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များသည် တစ်ခါသုံးစနစ်ပစ္စည်းများဖြစ်ပြီး စွန့်ပစ်ပြီးသည့်နောက် နှစ်ပေါင်းများစွာမပျက်စီးဘဲ သဘာဝပတ်ဝန်းကျင်တွင် ကျန်ရှိနေပါကြောင်း၊ ပလတ်စတစ်အမှိုက်များကြောင့် မြေဆီလွှာများပျက်စီးခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးရေလျှံမှုများဖြစ်စေခြင်း၊ ရောဂါပိုးမွှားများ အလွယ်တကူပေါက်ဖွားနိုင်ခြင်းတို့ကြောင့် မြေဆီလွှာနှင့် ရေထု၊ လေထုညစ်ညမ်းမှုများဖြစ်ပေါ်စေခြင်းအပြင် တိရစ္ဆာန်များ၏ အသက်အန္တရာယ်များကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပင်လယ်သမုဒ္ဒရာထဲရှိ အမှိုက်များ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ပလတ်စတစ်အမှိုက်များဖြစ်ပါကြောင်း။

အသုံးပြုပြီးသော စွန့်ပစ်ကြွပ်ကြွပ်အိတ်များသည် သဘာဝပတ်ဝန်းကျင်ကို ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပါကြောင်း၊ ပလတ်စတစ်ပစ္စည်းထုတ်လုပ်သော စက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာသည် တစ်ကမ္ဘာလုံးတွင်ရှိကြသည့် သဘာဝပတ်ဝန်းကျင်ပညာရှင်များနှင့် အစိုးရများရင်ဆိုင်တွေ့ကြုံနေရသည့် အရေးကြီးပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှု များပြားလာသည်နှင့်အမျှ မြေထု၊ လေထု၊ ရေထုကိုညစ်ညမ်းစေပြီး ကမ္ဘာမြေ၏ ဂေဟစနစ်ကိုလည်း မတည်မငြိမ်ဖြစ်စေပါကြောင်း၊ ထို့ကြောင့် မြို့ရွာများသန့်ရှင်းလှပရေး၊ ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးယူဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ပါကြောင်း။

ပလတ်စတစ်ပစ္စည်းနှင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုများကိုလျှော့ချရန် အစားထိုးနည်းလမ်းများအဖြစ် အဝတ်အိတ်၊ စက္ကူအိတ်၊ ၄ကပျောရွက်၊ ပေါက်ဖက်၊ အင်ဖက်စသည့်သဘာဝပစ္စည်းများ အစားထိုးအသုံးပြုနိုင်ပါကြောင်း၊ ပြည်သူများ၏ကျန်းမာရေး၊ ရောဂါကာကွယ်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

တစ်ခါသုံးကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက်ကန့်သတ်လျှော့ချရန်၊ ဇီဝပျက်စီးနိုင်သော အစားထိုးထုတ်ကုန်များနှင့် ပြန်လည်အသုံးပြုနိုင်သောအိတ်များကိုသုံးစွဲရေး အားပေးမြှင့်တင်ရန်၊ ပလတ်စတစ်အမှိုက်စနစ်တကျစီမံခန့်ခွဲရေးနှင့် ပြန်လည်အသုံးပြုရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများကြား ပလတ်စတစ်လျှော့ချအသုံးပြုရေး အသိပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဥပဒေနည်းဥပဒေများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကိုလွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီးအစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့်တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်း လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀.၆.၂၀၂၆ ရက်နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်ထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁-၁၂-၂၀၂၆ နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

မိုင်းလား နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြုံတင်ကန့်သတ်ချက်များ မထားသည့်ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် မိုင်းလားမြို့သို့ သွားရောက်ခဲ့ရာ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး



အဆိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးကိုယ်စား မိမိတို့ကို အလေးထားပြီး မိုင်းလားသို့ ဒုတိယအကြိမ်လာရောက် တွေ့ဆုံဆွေးနွေးမှုအတွက် ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ လာရောက်ခြင်းဖြင့် အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းမှ တစ်ဆင့် ယုံကြည်နားလည်မှုတိုးပွားလာနိုင်မည်ကို ယုံကြည်ပါကြောင်း၊ ယခင်ဆွေးနွေးပွဲပြီးနောက် စက်တင်ဘာလ လယ်တွင် ရှမ်းပြည်နယ် ကျန်းမာရေးအဖွဲ့နှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့ ပူးပေါင်း၍ အခမဲ့ဆေးကုသမှုများ လာရောက်ဆောင်ရွက်ခဲ့ပြီး မိုင်းလားနှင့်ဆီလူးဒေသရှိ အခြေခံပညာစာသင်ကျောင်း နှစ်ကျောင်းတွင်လည်း ကျောင်းဆောင်သစ်များဆောက်လုပ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အထူးဒေသ(၄)၏ ပညာရေး၊ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများကိုအထူးအလေးထားဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်အစည်းအဝေးတွင် မိမိတို့ဒေသအခြေအနေများကို တင်ပြခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် နိုင်ငံရေးအဆင့်အတန်းကို ဖော်ထုတ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အစိုးရ၏အုပ်ချုပ်မှုအောက်တွင် ဒေသနှင့်သင့်လျော်သည့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဆင့်အတန်းသတ်မှတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးဒေသ(၄) မိုင်းလားတွင် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို နှစ်ဖက်အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့သည် ကျိုင်းခမ်းမြို့ အနောက်ဘက်နမ့်လွေချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် မိုင်းဝရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှရေထုတ်လွှတ်လျက်ရှိရာ ယနေ့ည‌နေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၅၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၅၀ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချို်နွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

အထက်တန်းများတွင် သင်ကြားပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ကိုးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုကို ပလိပ်မြို့အဖြစ် မြို့အဆင့်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုကို မြို့အဖြစ်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ရရှိနိုင်ရေးအတွက် မြို့အင်္ဂါရပ်နှင့်ပြည့်စုံရမည့်အချက် ၂၁ ချက်အနက် ၁၆ ချက်သာပြည့်စုံပြီး ကလေးများအပန်းဖြေရန် ဥယျာဉ်၊ ကစားကွင်း၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့ဧရိယာတိုးချဲ့မည့်အစီအမံ၊ အမှိုက်စွန့်ရန် မြေနေရာ၊ မိလ္လာစွန့်ရန်မြောင်းတူးမည့်မြေနေရာ၊ သုသာန်မြေနေရာ စသည့်အချက် ငါးချက်မှာ ကိုက်ညီမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ပလိပ်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လောပိတမြို့၌ ရဲစခန်းရုံးနှင့် ဝန်ထမ်းများ နေထိုင်ရန် အိမ်ရာအဆောက်အအုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ၂၀၂၁ ခုနှစ် မတ်လတွင် KNDFi PDF အကြမ်းဖက်သောင်းကျန်းသူများက လောပိတနယ်မြေရဲစခန်းကို သာလွန်အင်အားများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးမှုကြောင့် ရုံး၊ နေအိမ်အဆောက်အအုံများအားလုံး ပျက်စီးခဲ့ပါကြောင်း၊ ရုံး၊ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့သောကြောင့် လူနေထိုင်၍ မရရှိတော့သဖြင့် တပ်ဖွဲ့ဝင်နှင့် မိသားစုများသည် ၂၃-၅-၂၀၂၁ ရက်မှစတင်၍ ခြေလျင်တပ်ရင်း (လောပိတမြို့)နှင့် လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတို့တွင် တွဲဖက်နေထိုင်၍ တရား၀ူပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လောပိတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လက်ရှိနယ်မြေအခြေအနေအရ ခြေလျင်တပ်ရင်းတွင် အခြေပြုပြီး တပ်မတော်နှင့်အတူယူးပေါင်း၍ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်သဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိပါက အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးခြင်းခံရသော လောပိတနယ်မြေရဲစခန်းကို ခြံစည်းရိုးကာရံခြင်း လုပ်ငန်း၊ နယ်မြေရဲစခန်းရုံး အဆောက်အအုံတစ်လုံးနှင့် လေးခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ်အဆောက်အအုံတစ်လုံးတို့ကို နီးစပ်ရာဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားတောင်းခံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ်နှင့် နတ်သံကွင်းမြို့ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေးနှင့် ကျောက်ကြီး - နတ်သံကွင်း - ပဲန္နယ်ကုန်းလမ်းကို အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကျောက်ကြီး-နတ်သံကွင်း ကားလမ်းတစ်လျှောက်တွင် KNU၊ PDF အကြမ်းဖက်အဖွဲ့များက တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ အများပြည်သူများ သွားလာအသုံးပြုသည့် မော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် လတ်တလောတွင် ကျောက်ကြီး-နတ်သံကွင်းကားလမ်းကို အသုံးပြု၍ မရနိုင်သေးပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် ပြောင်းရွှေ့၊ ရောက်ရှိ၊ ထွက်ခွာမည့် ဝန်ထမ်းများ၊ တက္ကသိုလ်များသို့ ပညာသင်ကြားရန် သွားရောက်မည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျန်းမာရေးအရ ဆေးဝါးကုသမှုခံယူမည့်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက သက်ဆိုင်ရာနယ်မြေခံတပ်နယ်သို့ ခရီးသွားရောက်မည့်အခြေအနေကို သတင်းပို့တင်ပြကာ တပ်မတော်ယာဉ်တန်းဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း။

ကျောက်ကြီးမြို့နယ် ကျောက်ကြီး-နတ်သံကွင်း ကားလမ်းမကြီး၏ ဝဲယာတွင်ရှိသော အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားနေသည့် ကျေးရွာများသို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိပြီး ကျောက်ကြီးမြို့နှင့် နတ်သံကွင်းမြို့အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ မြှုပ်နှံထားသည့် မိုင်းများကို တပ်မတော်က ရှင်းလင်းဆောင်ရွက်လျက်ရှိပါသောကြောင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသည့်အချိန်မှသာ သွားလာနေထိုင်နိုင်မည်ဖြစ်ပါကြောင်း။

ယာယီနေရပ်စွန့်ခွာပြည်သူများကိုစိစစ်၍ ပြန်လည်နေရာချထားခြင်းနှင့်စပ်လျဉ်း၍ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်အတူ အကြမ်းဖက်သမားများရောနှောဝင်ရောက်လာမှုမရှိစေရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျစိစစ်ပြီး အိမ်ထောင်စုအလိုက် ပြန်လည်နေရာချထားနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများ၏ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာက ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများ အချိန်မီရရှိနိုင်ရေး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် နတ်သံကွင်းမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက ရံဖန်ရံခါ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ Drop Bomb များ၊ FPV drone များဖြင့် တိုက်ခိုက်ခြင်းများ မကြာခဏပြုလုပ်လျက်ရှိသဖြင့် လတ်တလောတွင် လုံခြုံရေးအခြေအနေအရ ဒေသခံပြည်သူများ ပြန်လည်နေထိုင်ရန် မသင့်လျော်သေးပါကြောင်း၊ လုံခြုံရေးအခြေအနေများ ကောင်းမွန်သည့် အချိန်မှသာ ယာယီနေရပ်စွန့်ခွာပြည်သူများကို ပြန်လည်နေရာချထားခြင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများ၏ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မျိုးဆက်သစ်များ၏ ကျောင်းပညာရေးတွင် ယဉ်ကျေးမှုဘာဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်လာစေရန် ရည်မှန်း၍ ယဉ်ကျေးမှုဆိုင်ရာ ပြည်သူ့နီတိ၊ ဒီမိုကရေစီသဘောသဘာဝ၊ ဥပဒေဆိုင်ရာ သင်ခန်းစာများ၊ ယဉ်ကျေးမှုဘာဝနေနည်းဆိုင်ရာ အသိပညာစာပေများ စသည်တို့ကို ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးရုံသာမက မျိုးဆက်သစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ဆရာ၊ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်လျက်ရှိသည့် ဆရာ၊ ဆရာမ လောင်းလျာများကိုလည်း ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT) သင်တန်းများ ပို့ချသင်ကြားပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးဇန်နီ၏ **ဥပဒေမဲ့ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများကို အရေးယူရန်နှင့် တရားဝင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ခွင့်ပြုခဲ့သည့် အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်းများတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂလိက ကျောင်းဆရာများ၊ စီမံဝန်ထမ်းများ (အချိန်ပိုင်း၊ အမြဲတမ်း)တို့ကို DCS ပြုလုပ်ထားသည့် ဆရာ၊ ဆရာမများ သင်ကြားမှုမရှိစေရေး သေချာစွာစိစစ်ကြပ်မတ်ရန်၊ စာသင်ကြားခြင်းတွေ့ရှိပါက ကျောင်းများကို ပိတ်သိမ်းအရေးယူရန်နှင့် ပုဂ္ဂလိကဆရာ၊ ဆရာမများ၏ ကိုယ်ရေးအချက်အလက်များကို သေချာစွာစိစစ်ရေးကြီးကြပ်ဆောင်ရွက်သွားရန် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကိုယ်ရေးမှတ်တမ်းများ တင်ပြရာတွင်လည်း ယခင်ပညာရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိ DCS ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ ဘွဲ့လက်မှတ်မိတ္တူများကို ကာယကံရှင်နှင့် သက်ဆိုင်ရာကျောင်းတည်ထောင်သူတို့က မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပြီး ကျောင်းအလိုက် စုစည်းကာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့စေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေမဲ့လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ အတန်းကျော်လွှဲတက်ရောက်ခွင့်ပြုခြင်းဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၅၁ အရ စီမံခန့်ခွဲရေးနည်းလမ်းအတိုင်း ပြစ်ဒဏ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားနိုင်ရေး မည်သည့်နှစ်မှစတင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အပါအဝင် သိသင့်သိထိုက်သည့် ဥပဒေတို့နှင့်စပ်လျဉ်း၍ ဥပဒေပညာအသိပညာပေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခြေခံပညာအလယ်တန်း ဆင့် (Grade-8)၊ (Grade-9)တွင် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအထက်တန်းဆင့် Grade-10, Grade-11, Grade-12 တန်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထားသည့် ဥပဒေအသိပညာသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ သင်ကြားပို့ချပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် (66 KV) ခွဲရုံတည်ဆောက်ပေးရန် မည်သည့် ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာဓာတ်အားရရှိရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် ၆၆ ကေဗွီ ကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားရယူ၍ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ၆၆ ကေဗွီ ကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဂုံမင်းကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **သာကေတမြို့နယ်အတွင်း 11KV Feeder Lines များ၊ 400 V Lines များနှင့် Transformer များကို အဝိုင်းလိုက်အသစ်လဲခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာနှစ်နှင့် လာမည့်ဘဏ္ဍာနှစ်အတွင်း မည်သို့စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က သာကေတမြို့နယ်အတွင်းရှိ စက်မှုဇုန်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစ၍ LNG ဓာတ်အားဖြင့်လည်း ဓာတ်အားဖြန့်ဖြူးပေးထားပါသဖြင့် ယခင်နှစ်များထက် ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယူနစ်ပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ မီးသုံးစွဲသူများအနေဖြင့် သုံးစွဲသည့်ယူနစ်ကို မိမိကိုယ်တိုင်ဖတ်ရှုမှတ်သားနိုင်ရေးအတွက် AMI စနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ မီတာအလုံး ၆၇၈၀ ကို AMI စနစ်သို့ ပြောင်းလဲပေးထားပြီး ကျန်မီတာ ၃၃၉၂၆ လုံးကို ယခုနှစ်အကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းနှင့် 11KV Feeder Line များ၊ 400V Line များနှင့် ထရန်စဖော်မာများကို အဝိုင်းလိုက်အသစ်လဲခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာနှစ်နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် အတွင်း ဘတ်ဂျက်ခွင့်ပြုချက်ပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲ့ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **မိုးနဲ့မြို့နယ် နောင်ဟီးကျေးရွာအုပ်စုရှိ လွယ်ဆိုင်၊ နမ့်အွန်နှင့် ပါဟာကျေးရွာတို့ လျှပ်စစ်မီးရရှိရေးအတွက် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိုးနဲ့မြို့နယ်၊ ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စုအတွင်းရှိ လွယ်ဆိုင်၊ နမ့်အွန်နှင့် ပါဟာကျေးရွာသုံးရွာ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၂ ဒသမ ၃၅ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၄၇ မိုင်ကို ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲငွေပြုရရှိမှုအပေါ်မူတည်၍ ရွာစဉ်အလိုက် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဇော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ရာဇဝတ် အထူးအယူခံမှု တစ်မှုနှင့် တရားမအထူး အယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါက်တာမျိုးဝင်းအောင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၆(ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၆ (ရန်ကုန်) နှင့် ၃၁/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့်တရားမအထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၄/၂၀၂၆ (ဇရာဝတီ)၊ ၃၆/၂၀၂၆ (မွန်)၊ ၃၇/၂၀၂၆ (ရန်ကုန်) နှင့် ၃၉/၂၀၂၆ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန စစ်ကိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးမြင့်အေးအား မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂

ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကိုသိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Wisdom Hill ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကိုကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥဏ္ဍာစမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"သူရဲကောင်းတွေရဲ့ အကြောင်းကိုလဲ သိရတယ်။ အမျိုးသားလှုပ်ရှားမှုကြောင်းတွေကိုလဲ သိရတယ်။ အမျိုးသားရေးလှုပ်ရှားမှုပြကွက်ကို အကြိုက်ဆုံးပါ။ ဒီလိုမျိုး လေ့လာခွင့်ရရှိတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။



"ဒီကို လာရောက်လေ့လာရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ပုံဖော်ထုဆစ်ကြမယ့် ကျောင်းသားလူငယ်တွေဖြစ်တဲ့ ကျွန်မတို့ Grade ပေါင်းစုံက ကလေးတွေက မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ခဲ့ကြတဲ့ သမိုင်းကြောင်းတွေကနေစပြီး ယခုထိ မြန်မာနိုင်ငံသားတွေ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် တပ်မတော်ဘက်ကလဲ အကောင်းဆုံးကြိုးစားနေတဲ့အကြောင်းနဲ့ သမိုင်းကြောင်းကိုလဲ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ နားလည်သင့်သလောက်နားလည်အောင်ဆိုပြီး ဗဟုသုတတွေလဲရရှိအောင် သူငယ်ချင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင် လေ့လာခြင်းပဲဖြစ်ပါတယ်။ အကြိုက်နှစ်သက်ဆုံးပြခန်းကတော့ ကက(လေ) ပြခန်းပဲဖြစ်ပါတယ်ရှင့်။ ဒီလိုမျိုး မြန်မာနိုင်ငံရဲ့အနာဂတ် ကျောင်းသားတွေကို သိရှိသင့်တဲ့ ဗဟုသုတတွေအများကြီးကို စာတွေ့ထက် လက်တွေ့သိရှိအောင် လာရောက်လေ့လာခွင့်ရတဲ့အတွက် တာဝန်ရှိသူတွေကိုလဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်"ဟု ပြောသည်။(၅၀၁)



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❑ ပြည်သူ့စစ်မှုထမ်းမှ

ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးတွင် အောက်တိုဘာ ၃၀ ရက်တွင် ဂုဏ်ပြုအခမ်းအနားများဖြင့်ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည် အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ ဖြင့်ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့်နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး မိမိတို့၏ မွေးရပ်မြေနေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများကို ဒေသခံပြည်သူများနှင့် မိဘဆွေမျိုး မိသားစုဝင်များက အောင်မြင်ခြင်း၏ သင်္ကေတဖြစ်သော အောင်သပြေခက်များဖြင့် အမွှေးနံ့သာများဖျန်းပက်ခြင်း၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများ လက်ဝယ်အရောက်ချီးမြှင့်ပေးအပ်ခြင်းတို့ဖြင့် အထူးလေးစားစွာဂုဏ်ပြုခဲ့ကြသည်။ ထို့ပြင် မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအနုပညာတစ်ရပ်ဖြစ်သော အိုးစည်၊ ဒိုးပတ်တီးမှုတ်ကခုန်သံများဖြင့် မြို့ရွာအနှံ့ခြိမ့်ခြိမ့်သဲသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် ပီတိဖြစ်ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရပြီး တပ်မတော်နှင့်ပြည်သူကြား အပြန်အလှန်ယုံကြည်လေးစားမှု၊ တစ်သားတည်းဖြစ်တည်နေမှုကို ထင်ရှားစွာသက်သေပြနေသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ်လည်း တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့်တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့သည့်အတွက် ပြည်သူ့စစ်မှုထမ်းများကိုယ်တိုင်လည်း မိမိတို့၏ တာဝန်ကျေပွန်မှုအပေါ် များစွာဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်။ အလားတူ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းခွင့် ရရှိသည့် ပျော်ရွှင်မှုပတ်ဝန်းကျင်နှင့်ဒေသခံ ပြည်သူများက လေးစားမြတ်နိုးစွာကြိုဆိုခဲ့ကြသည့် ကြည်နူးဖွယ်ရာမြင်ကွင်းပုံရိပ်များသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ပျံ့နှံ့ရောက်ရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိပြည်သူများပါ ကြည်နူးမဆုံးဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်ကို ယခုကဲ့သို့တွေ့ရှိရသည်။

အဆိုပါ စစ်မှုထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်မှုထမ်းဆောင်နေစဉ် ကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို ရဲရင့်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင်လည်း ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်စောင့်ရှောက်ရန်အတွက် တားဆီးကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၌ ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားများနှင့် ရဲဘော်ရဲဘက်စိတ်ဓာတ်အပြည့်ဖြင့်လက်တွဲကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိစေမည်ဖြစ်သည်။

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်” ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ်တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)









နိုင်ငံ့တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာဂုဏ်ပြုကြိုဆိုကြစဉ်။

၇၈ ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ



ဖလမ်း နိုဝင်ဘာ ၂

ဖလမ်းမြို့တွင် ၇၈ ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂ရက်မှ ၁၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ၊ ရိုးရာဝတ်စား ဆင်ယင်မှု၊ ယဉ်ကျေးမှုအကပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်ကြောင်း၊ ဆုပေးပွဲအခမ်းအနားနှင့် ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချင်းရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ဖလမ်းမြို့ ဟရန်ထီးယိုးဘောလုံးကွင်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ် လွှတ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ၊ သန့်ရှင်းသာယာလှပရေးနှင့် ရုံးလုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်နိုင်ရေးတို့ကို အင်တိုက်အားတိုက် ကြိုးပမ်းမှုများကိုလည်း အသိအမှတ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ကျင်းပသည့် ၇၈ ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်မှတစ်ဆင့် ဒေသ၏ ရိုးရာယဉ်ကျေးမှုများ ပိုမိုရှင်သန်တိုးတက်လာပြီး တိုင်းရင်းသား ညီအစ်ကို မောင်နှမများကြား ချစ်ကြည်ရင်းနှီးမှုနှင့်စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာပါစေကြောင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက် ကောင်းမွန်လာပါစေကြောင်း နှစ်သစ်ကူးဆုမွန်တောင်းကြောင်း ပြောကြားသည်။

ယင်းနောက် ချင်းနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ချင်းပြည်နယ် လွှတ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က စပေးဘောကန်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေသခံများနှင့်အတူ ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

ခရိုင်(ပြန်/ဆက်)

❍ ဆိုင်ကလုန်းမုန်တိုင်းမှ

ရေမိုင် ၉၀ ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ တောင်ဘက် ရေမိုင် ၁၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း“မူရာစု”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျား မည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း“မူရာစု”သည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေကို နယ်လိုရီမြို့နှင့် နာစာပါမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မူရာစု”၏ အရှိန်ကြောင့် ယနေ့ ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်ဘာရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်ဘာရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း“မူရာစု”၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်ဘာရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/၈လ)

● အသိပေးကြေညာမှ

၂၀၃ ကျပ် ၂၅ ပြားဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG)သည် သဘာဝဓာတ်ငွေ့ကို လေထုဖိအား၏ အဆ ၂၀၀ ဖြင့်ဖိသိပ်၍ အိုးအတွင်းထည့်သွင်းထားသည့် ဖိအားအလွန်မြင့်သော ဓာတ်ငွေ့ဖြစ်သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပါက ပတ်ဝန်းကျင်ရှိ အများပြည်သူ အသက်အိုးအိမ်များ ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ထို့ကြောင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် လွှတ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနသည် CNG ယာဉ်များ၏ ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများ ဘေးကင်းလုံခြုံမှု (Safety) ရှိ၊ မရှိ နှစ်စဉ် နှစ်ပတ်လည်စစ်ဆေးခြင်းများ (Annual Inspection) ဆောင်ရွက်ပြီး စစ်ဆေးမှု အောင်မြင်သောယာဉ်များကိုသာ CNG အသုံးပြုခွင့်စာအုပ်နှင့် ကတ်ထုတ်ပေး၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)ကို ရောင်းချပေးလျက်ရှိပါသည်။

ထို့ပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနရှိ CNG Retest Factory အလုပ်ရုံတွင်လည်း ထုတ်လုပ်သည့်ခုနစ်မှသက်တမ်း ငါးနှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ပထမအကြိမ်စစ်ဆေးမှုခံယူစေခြင်း၊ ၁၀ နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ဒုတိယအကြိမ်စစ်ဆေးမှုခံယူစေခြင်း၊ သက်တမ်း ၁၅ နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို သတ်မှတ်စံချိန်စံညွှန်းများအရ သက်တမ်းလွန်ပယ်ဖျက်(Reject)အဖြစ် သတ်မှတ်ကာ အိုးအသစ်ပြောင်းလဲတပ်ဆင်အသုံးပြုစေခြင်းများကို စနစ်တကျ စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် CNG ယာဉ်များ





CNG Retest Factory အလုပ်ရုံတွင် ဆလင်ဒါအိုးများ စစ်ဆေးနေစဉ်။

အနေဖြင့် ယာဉ်တွင်တပ်ဆင်အသုံးပြုလျက်ရှိသော သက်တမ်း ၁၅ နှစ်ပြည့်ပြီးဖြစ်သည့် CNG ဆလင်ဒါအိုးများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီ CNG ဆလင်ဒါအိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနသို့လာရောက်၍ စစ်ဆေးမှုခံယူသွားကြရန်နှင့် သက်တမ်းကျော်လွန်ပြီး CNG ဆလင်ဒါအိုး အသစ်လဲလှယ်ခြင်းမရှိသော ယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်သောကြောင့် အိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနတွင် လာရောက် စစ်ဆေးမှုခံယူပြီးမှသာလျှင် သဘာဝ ဓာတ်ငွေ့ဝယ်ယူခွင့်ကို ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှတ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၂-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၉ ~ ၃၆၇၀	၅၅၇.၅ ~ ၅၅၈.၇	၁၂၅.၄ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၂,၉၉၆,၈၃၁.၈၁	၆,၂၈၉,၇၇၂.၉၇	၇၇,၅၀၄,၅၃၆.၀၇	

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ့ရိုးရာပွဲစျေးကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်ထိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC) ၌ ကျင်းပသွားမည်

ရန်ကုန် နိုဝင်ဘာ ၂



မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာပွဲစျေး ကျင်းပရခြင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ စိမ်းလန်းစိုပြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပွဲစျေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် ဆန်၊ ကောက်ညှင်း၊ ပဲ၊ ပြောင်း စသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံထုတ်လုပ်ထားသည့် ကျန်းမာရေးနှင့် ညီညွတ်ပြီး သဘာဝအလျောက်ထွက်ရှိသည့် ဒေသထွက်စားသောက်ကုန်များ၊ မြန်မာ့ရိုးရာ လက်မှုပစ္စည်းများဖြစ်သည့် ယွန်းထည်၊ ကြိမ်ထည်၊ ရွှေချည်ငွေချည် ထိုးလုပ်ငန်းများနှင့် အနုသုခုမလက်ရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်၊ ယခုခေတ်လူငယ်များအနေဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံပွဲတော်များကို တန်ဖိုးထားတတ်စေရန်၊ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံတကာကို မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းနှင့် ရိုးရာစားသောက်ကုန်များ သိရှိနိုင်စေရန်ရည်ရွယ်၍ ပွဲကိုကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြန်မာလူမျိုးတို့၏ နေ့စဉ်ဘဝနှင့် အစဉ်အလာများကို ပေါ်လွင်စေသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်နှင့်အညီ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းသည့်အနေဖြင့် မြန်မာ့ရိုးရာပွဲစျေးကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Hotel ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)၌ နံနက် ၁၀ နာရီမှ ည ၈ နာရီထိ ခင်းကျင်းပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ်ပြုလုပ်နည်းသရုပ်ပြပွဲများ၊ မြန်မာအစားအစာနှင့် အာဟာရတန်ဖိုးစကားဝိုင်းများ၊ စမ်းရေမိုးဇော်ပွဲနှင့် Project K အဖွဲ့ဖျော်ဖြေပွဲများ၊ တိုင်းရင်းသားပဒေသာအကများစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာပွဲစျေးတွင် ဆိုင်ခန်း ၁၅၅ ခန်းကို ဇုန်သုံးခုခွဲ၍ ဇုန်(A)ပွဲစျေးတန်းတွင် အစားအသောက်များ၊ ဇုန် (B) စျေးတန်းတွင် ဒေသအသီးသီး၏ စားသောက်ကုန်များ၊ ဇုန်(C)တွင် တိုင်းရင်းသားဒေသအသီးသီးမှ ထွက်ကုန်နှင့် လူသုံးကုန်အမျိုးမျိုးပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❋ ဘိလိယက်နှင့်စနူကာပြိုင်ပွဲမှ

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး စနူကာ 6-Red, စနူကာ 15-Red, 9 Ball Pool နှင့် ဘိလိယက် ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းက မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်ဝင်းလှိုင်ကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သန်းဇော်ထွန်းက ကရင်ပြည်နယ်အသင်းမှ ကျော်မင်းထွန်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ကမ္ဘာလင်းက ကချင်ပြည်နယ်အသင်းမှ ကိုကိုအောင်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ချင်းပြည်နယ်အသင်းမှ အာကာလင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ မာန်ဟိန်းကျော်က မွန်ပြည်နယ်အသင်းမှ သက်မောင်မောင်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းမှ ငြိမ်းပြည့်ဖြိုးက ကရင်ပြည်နယ်အသင်းမှ စိုးသန့်ဇင်ကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်က ကချင်ပြည်နယ်အသင်းမှ ကျော်ကျော်ကို လေးပွဲသုံးပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာလင်းက ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးသိန်းကို လေးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ရဲထွဋ်နိုင်က မကွေးတိုင်းဒေသကြီးအသင်းမှ စိုင်းကိုကို ကို လေးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ကရင်ပြည်နယ်အသင်းမှ သော်တာမင်းကို လေးပွဲသုံးပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းကို လေးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဖီးအီက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ချစ်မိုးကို လေးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ အောင်မြင့်က ချင်းပြည်နယ်အသင်းမှ လွင်မိုးဦးကို ခုနစ်ပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းကွမ်းမိုင်းက မွန်ပြည်နယ်အသင်းမှ နေမင်းထွန်းကို ခုနစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက ရှမ်းပြည်နယ်အသင်းမှ စိုင်စုံစိုင်းကို ခုနစ်ပွဲ လေးပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်မင်းထွန်းက ပဲခူးတိုင်းဒေသကြီးအသင်းမှ သန်းထွန်းလွင်ကို ခုနစ်ပွဲ ငါးပွဲဖြင့်လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းက မွန်ပြည်နယ်အသင်းမှ နေလင်းဦးကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ဇော်လင်းနိုက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇင်မင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှသီဟိုဘိုးက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တေဇာအောင်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းကိုကိုက ချင်းပြည်နယ်အသင်းမှ ခင်မောင်တင့်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က ရှမ်းပြည်နယ်အသင်းမှ မြသက်မျူးကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က တနင်္သာရီတိုင်းဒေသကြီး အသင်းမှ ချစ်ရွှန်းလွဲကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ်က ကချင်ပြည်နယ်အသင်းမှ နော်သက်မွန်ကျော်ကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမီအောင်က မကွေးတိုင်းဒေသကြီးအသင်းမှ ဆုပြည့်စုံကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ခင်စန္ဒာလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ခင်ဝိုင်းချစ်ကို ငါးပွဲ နှစ်ပွဲဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ သန္တာတိုးအောင်က ရှမ်းပြည်နယ်အသင်းမှ ခိုင်မာအောင်ကို ငါးပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ မေချောက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကေသီခိုင်ကို ငါးပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစား၀ါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၅၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၃၅၁၀

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၄၆၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၅၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၅၃၀၊ ၀၅၈-၂၀၂၃၅၅၁၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅


(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။

❖ ရွှေကုက္ကိုလ်နယ်မြေမှ

တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများ အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီး လျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ် အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ် ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက် လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ အလေးမအားကစားသမား လူငယ်မောင်မယ်များအနေဖြင့် အားကစား စိတ်ဓာတ်အပြည့်အဝဖြင့် အားကစား သမားကောင်းများပီသစွာ မိမိတို့တစ်ဦး ချင်းစီ၏ အစွမ်းအစ၊ အရည်အသွေးများ ကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ ကိုယ်စားပြုဝင် ရောက်ယှဉ်ပြိုင်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂုဏ်ကို မြှင့်တင်ပေးပြီး ပြိုင်ပွဲတွင် စံချိန် ကောင်းများရရှိစေရေးအတွက် စိတ်ဓာတ် ကြံ့ခိုင်စွာဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြ ရန်နှင့် စံချိန်သစ်များတင်နိုင်မည့် လူငယ်များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်နိုင် မည့် လက်ရွေးစင်အားကစားသမား ကောင်းများဖြစ်အောင် ဆက်လက် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြား ကာ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲကို ဖွင့်လှစ် ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမား များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြပြီး အမျိုးသား၊ အမျိုးသမီး တရားမဝင် အဆောက်အအုံများအနက် အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ် ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် လေးလုံးတို့ ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက် အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ် ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကိုလိုတန်းအလိုက် အလေးမပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသမီး ၆၉ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသ ကြီးအသင်းမှ ရွှေရည်ဖူးက အမြန်မစံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစံချိန် ၇၇ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၈ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝင်းပပ က အမြန်မစံချိန် ကီလို ၆၀၊ နှစ်ဆင့်မစံချိန် ၇၃ ကီလိုနှင့် စုစုပေါင်း စံချိန် ၁၃၃ ကီလို ဖြင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သီရိဝင်းက အမြန်မစံချိန် ၅၅ ကီလို၊ နှစ်ဆင့်မစံချိန် ၇၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၂၈ ကီလိုဖြင့် တတိယ ရရှိခဲ့ကြသည်။

အမျိုးသား ကီလို ၇၀ တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသင်းမှ ဝေလွင်ဖြိုးက အမြန်မစံချိန် ၁၁၃ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်း စံချိန် ၂၄၉ ကီလိုဖြင့် ပထမ၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းမှ ကျော်ဇောဟိန်းက အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၆ ကီလိုနှင့် စုစုပေါင်း စံချိန် ၂၁၁ ကီလို ဖြင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ခေါက်ဆိုင်က အမြန်မစံချိန် ၈၆ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၀၇ ကီလိုဖြင့် တတိယ ရရှိခဲ့ကြသည်။



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲသို့ တိုင်းဒေသ ကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီး အသင်း ရှစ်သင်း စုစုပေါင်း ဦးရေ ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နိဝင်ဘာ ၃ ရက်(**ယနေ့**)နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမ ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ကီလိုတန်း အလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲ များကို ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူ များအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှအဆက်

အခမ်းအနားသို့ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးစိုင်းထွန်းညို၊ ဦးဖြူဇော်စိုး၊ ဦးမျိုးကျော်သူ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအဂ္ဂါအေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူ များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားသမား များက ကွင်းအတွင်းနေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရောက်ရှိ လည်း ထပ်မံအနိုင်ရရှိကာ ရှုံးထွက် အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် တက်ဂ်ဘော အားကစားသမားများ ဖြစ်ကြသည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် အုပ်စုပွဲစဉ် နောက်ဆုံးအဆင့်တွင် ဟန်ဂေရီအသင်းနှင့် ပေါ်တူဂီအသင်းတို့မှ အားကစားသမားအတွဲများကို ထပ်မံ အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် Teqball ကမ္ဘာ့ အဆင့်သတ်မှတ်ချက် နံပါတ်(၁)ရှိသည့် ထိုင်းနိုင်ငံ၏ Women's Doubles အသင်း နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းမှ ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲအနေဖြင့် တတိယဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မြန်မာတက်ဂ်ဘော အဖွဲ့ချုပ်အနေ ဖြင့် ယခုအောင်မြင်မှုသည် ကမ္ဘာ့အဆင့် ထိပ်တန်းနိုင်ငံများမှ တက်ဂ်ဘော အားကစားသမားများနှင့် ယှဉ်ပြိုင်နိုင်ခဲ့ သည့်အပြင် မြန်မာ့လက်ရွေးစင် အမျိုး သမီးတက်ဂ်ဘော ကစားသမားများ၏ စွမ်းဆောင်ရည်နှင့် နိုင်ငံတကာအဆင့် ယှဉ်ပြိုင်နိုင်စွမ်းများကို ဖော်ထုတ်ပြသ နိုင်ခဲ့သည့် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှု တစ်ခုလည်းဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

■ တတိယဆုရရှိမှ

တက်ဂ်ဘော အားကစားသမားများကို မလျော့သော ဇွဲ၊ လုံ့လများဖြင့် အားသွန် ခွန်စိုက် ကြိုးစားယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံ အတွက် တတိယဆု ဆွတ်ခူးခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး တက်ဂ်ဘော အားကစားသမားများဖြစ် သည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲ သည် အုပ်စုပွဲစဉ်များတွင် ပြင်သစ်အသင်း၊ လက်ဘနွန်အသင်းနှင့် အိန္ဒိယအသင်းတို့မှ အားကစားသမားအတွဲများကို ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး အုပ်စုပွဲစဉ်တစ်ဆင့်ပြီး တစ်ဆင့်တွင် ရှုံးရှားနိုင်ငံနှင့် မော်လ်ဒိုဗာ နိုင်ငံတို့မှ အားကစားသမားအတွဲများကို

ထူးခြားသည့် နေ့အပူချိန်များ

(၂- ၁၁ -၂၀၂၆)

ချောက်	၄၀	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ဘားအံ	၃၇	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
ပြည်	၃၇	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦး	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မြင်းမူ	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မကွေး	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ကျောက်ဆည်	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
အောင်လံ	၃၆	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
မင်းဘူး	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်

ကိုဘုန်း

နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများ အားပေးစို့

မြန်မာနိုင်ငံ၏ စီးပွားရေးအခင်းအကျင်းတွင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ တရားဝင်မှတ်ပုံတင်ထားသည့် MSME လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိပြီး မှတ်ပုံမတင်ရသေးသည့် အသေးစားနှင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားမည်ဆိုပါက နိုင်ငံ့စီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၉၄ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းထိ MSME လုပ်ငန်းများဖြစ်နေသည်။ ဤအချက်သည် MSME လုပ်ငန်းများကို နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အားအဖြစ် သတ်မှတ်နိုင်စေသည်။

MSME လုပ်ငန်းများ၏ လက်ရှိအခြေအနေ

မြန်မာ့ MSME လုပ်ငန်း ၄၀၀၀၀ ကျော်အနက် ထက်ဝက်ကျော်မှာ အစားအသောက်နှင့် လူသုံးကုန်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်ကြသည်။ ဤလုပ်ငန်းများသည် နိုင်ငံ့လုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်း ၇၀ ရာခိုင်နှုန်းကျော်ကို ဖန်တီးပေးထားသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရာတွင် MSME ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် မြို့ငယ်များတွင် MSME လုပ်ငန်းများသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကမှီခိုရာဖြစ်နေသည်။

ရင်ဆိုင်နေရသော စိန်ခေါ်မှုများ

မြန်မာ့ MSME လုပ်ငန်းများ၏ အားနည်းချက်များနှင့် ၎င်းတို့ရင်ဆိုင်ကြရသည့် အခက်အခဲများကို လေ့လာကြည့်လျှင် အောက်ပါအချက်များကို တွေ့ရသည်။

ငွေကြေးဆိုင်ရာ အခက်အခဲများ – လုပ်ငန်းတိုးချဲ့ရန် ငွေကြေးမလုံလောက်ခြင်းသည် အဓိကပြဿနာဖြစ်သည်။ ဘဏ်များက ချေးငွေထုတ်ချေးရာတွင် မြေနှင့်အဆောက်အအုံ အာမခံပစ္စည်းတောင်းခံလေ့ရှိသောကြောင့် အသေးစားလုပ်ငန်းရှင်အများစုမှာ ချေးငွေရယူနိုင်ခြင်းမရှိကြပေ။

နည်းပညာနှင့် စက်ပစ္စည်းဆိုင်ရာ အားနည်းချက်များ – နည်းပညာနှင့် စက်ပစ္စည်းများ ခေတ်နောက်ကျခြင်းကြောင့် ထုတ်လုပ်မှုအပိုင်းတွင် အရည်အသွေးမမှန်ခြင်းနှင့် ကုန်ကျစရိတ် ပိုမိုမြင့်မားခြင်းတို့ကို ကြုံတွေ့နေရသည်။ ခေတ်မီစက်ပစ္စည်းများ တပ်ဆင်နိုင်ခြင်းမရှိသောကြောင့် ထုတ်ကုန်အရည်အသွေးသည် ပြည်ပထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိဖြစ်နေသည်။

ဈေးကွက်ရှာဖွေရေးနှင့် ထုပ်ပိုးမှုဆိုင်ရာ အားနည်းချက်များ– မိမိတို့ထုတ်ကုန်အတွက် ဈေးကွက်ရှာဖွေရေးကို စနစ်တကျ မလုပ်နိုင်ခြင်း၊ ထုပ်ပိုးမှုစနစ်ညံ့ဖျင်းခြင်းနှင့် အမှတ်တံဆိပ် မြှင့်တင်နိုင်စွမ်းအားနည်းခြင်းတို့ကြောင့် ပြည်ပသွင်းကုန်များနှင့် ယှဉ်ပြိုင်ရန်ခက်ခဲနေသည်။ ထုပ်ပိုးမှုသည် ထုတ်ကုန်တစ်ခု၏ ပထမဆုံးသော ဈေးကွက်ရှာဖွေရေးကိရိယာဖြစ်သောကြောင့် ဤအချက်သည် အလွန်အရေးကြီးသည်။

စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အားနည်းချက်များ – လုပ်ငန်းရှင်အများစုသည် ခေတ်မီစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးစာရင်းအင်း ကိုင်တွယ်မှုအားနည်းခြင်းသည် လုပ်ငန်း၏ရေရှည်တည်တံ့မှုကို ထိခိုက်စေသည်။ စနစ်တကျ စာရင်းအင်းမထားရှိခြင်းကြောင့် ချေးငွေရယူရာတွင်လည်း အခက်အခဲဖြစ်စေသည်။

အခြေခံအဆောက်အအုံဆိုင်ရာ ပြဿနာများ – ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ လျှပ်စစ်ဓာတ်အား ပုံမှန်မရရှိခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားခြင်းတို့သည် ထုတ်လုပ်မှုကုန်ကျစရိတ်ကို မြင့်တက်စေပြီး ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေသည်။

အစိုးရ၏ ပံ့ပိုးကူညီမှု အစီအစဉ်များ

မြန်မာ့ MSME လုပ်ငန်းများ၏ ဘဏ္ဍာရေးအားနည်းချက်ကို ဖြေရှင်းနိုင်ရန် အစိုးရက မတည်ထုတ်ချေးပေးသော ရန်ပုံငွေများဖြင့် ပြည်တွင်းအစိုးရနှင့် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် သက်သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေးသည့် အစီအစဉ်များရှိနေသည်။ MSME လုပ်ငန်းအများစုတွင် ဘဏ်ကတောင်းသော မြေနှင့်အဆောက်အအုံ အာမခံမပေးနိုင်သည့် ပြဿနာကိုဖြေရှင်းရန် အာမခံလုပ်ငန်းနှင့် ချိတ်ဆက်ပြီး အာမခံပစ္စည်းမဲ့ ချေးငွေအစီအစဉ်များ ထားရှိပေးထားသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများအတွက် သီးသန့်အတိုးနှုန်းသက်သာသော ရေရှည်၊ ရေတို ချေးငွေအစီအစဉ်များ လည်းရှိသည်။

တစ်ဖက်တွင်လည်း MSME လုပ်ငန်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် အစိုးရဌာနများနှင့် ကုန်သည်၊ စက်မှုအသင်းချုပ်တို့က သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်။ ဤသင်တန်းများသည် လုပ်ငန်းရှင်များအတွက် စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစာရင်းအင်း၊ ဈေးကွက်ရှာဖွေရေးနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်ထားသည်။

> ❖ **မြန်မာ့ MSME လုပ်ငန်း ၄၀၀၀၀ ကျော်အနက် ထက်ဝက်ကျော်မှာ အစားအသောက်နှင့် လူသုံးကုန်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်ကြသည်။ ဤလုပ်ငန်းများသည် နိုင်ငံ့လုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်း ၇၀ ရာခိုင်နှုန်းကျော်ကို ဖန်တီးပေးထားသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရာတွင် MSME ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် မြို့ငယ်များတွင် MSME လုပ်ငန်းများသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကမှီခိုရာဖြစ်နေသည်။** ❖

ထို့ပြင် MSME လုပ်ငန်းပြပွဲများနှင့် ဈေးရောင်းပွဲတော်များကို နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့တွင် ကျင်းပပေးလျက်ရှိရာ အရောင်းပြခန်းများ ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ဒေသတွင်းနှင့် ပြည်ပမှအဝယ်တော် (Buyers) များနှင့် တိုက်ရိုက်ချိတ်ဆက်ခွင့် ရရှိစေသည်။ ဤကဲ့သို့သော ပြပွဲများသည် ထုတ်ကုန်များကို ဈေးကွက်နှင့် မိတ်ဆက်ပေးရာတွင် အလွန်ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။

မြန်မာ့ MSME လုပ်ငန်းများ ပြည်ပဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် ပြုပြင်ပြောင်းလဲမြှင့်တင်နိုင်ကြရန် လိုအပ်သည်။ အောက်ပါအချက်များသည် အဓိကကျသော လမ်းစဉ်များဖြစ်သည်။

နိုင်ငံတကာစံချိန်စံညွှန်းများရယူခြင်း – အထူးသဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် အရည်အသွေးအသိအမှတ်ပြုလက်မှတ်များ ရယူထားကြရမည်ဖြစ်သည်။ အစားအသောက်နှင့် ဆေးဝါးလုပ်ငန်းများသည် HACCP, ISO, GMP နှင့် Halal လက်မှတ်များ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် GAP (Good Agricultural Practices) လက်မှတ်များ လိုအပ်သည်။ ဤလက်မှတ်များသည် ပြည်ပဈေးကွက်သို့ ဝင်ရောက်ရာတွင် မဖြစ်မနေလိုအပ်သော အရည်အချင်းသတ်မှတ်ချက်များ ဖြစ်သည်။

ခေတ်မီထုပ်ပိုးမှုစနစ်အသုံးပြုခြင်း – မိမိတို့ထုတ်ကုန်ပစ္စည်း၏ ပြင်ပအသွင်အပြင် ဆွဲဆောင်မှုရှိစေရေးအတွက် ခေတ်မီထုပ်ပိုးမှုသည် မဖြစ်မနေဆောင်ရွက်ရမည့်အချက်ဖြစ်သည်။ ထုပ်ပိုးမှုကောင်းမွန်ခြင်းသည် ထုတ်ကုန်၏တန်ဖိုးကို မြှင့်တင်ပေးပြီး ပြည်ပအဝယ်များ၏ ယုံကြည်မှုကို ရရှိစေသည်။

ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ချိတ်ဆက်ခြင်း – နိုင်ငံတကာတွင် ဒစ်ဂျစ်တယ်စီးပွားရေးသည် အလျင်အမြန် တိုးတက်နေသည့်အလျောက် အွန်လိုင်းဈေးကွက်များနှင့် ချိတ်ဆက်ခြင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များကို နားလည်အသုံးပြုခြင်းတို့လည်း ခေတ်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည်။ အွန်လိုင်းဈေးကွက်များသည် ပထဝီအနေအထားဆိုင်ရာ ကန့်သတ်ချက်များကို ကျော်လွှားနိုင်ပြီး ပြည်ပအဝယ်တော်များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်စေသည်။

ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချခြင်း – ပြည်ပဈေးကွက်တွင် ဈေးနှုန်းအရ ပြိုင်ဆိုင်နိုင်စွမ်းရှိစေရေး အတွက်လည်း ကုန်ထုတ်လုပ်မှုစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချရမည်ဖြစ်ရာ နည်းပညာနှင့် စက်မှုပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း၊ ကုန်ကြမ်းရရှိမှုမှသည် ကုန်ချောသယ်ယူပို့ဆောင်ရေးထိ ကုန်ကျစရိတ်သက်သာစေရန် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်များ၏ အလားအလာ

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအခြေခံ အစားအသောက်ထုတ်ကုန်များ (Agri-based Food Products) ကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်သည့် အရင်းအမြစ်များနှင့် ပြည့်စုံသည်။ ပြည်တွင်းမှ သစ်သီးဝလံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ လက်ဖက်၊ ကော်ဖီ စသည်တို့ကိုအခြေခံ၍ စားသောက်ကုန်အမျိုးမျိုးတို့ကို အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ထုတ်လုပ်တင်ပို့နိုင်သည်။

ဤအလားအလာကို အရှိန်အဟုန်ဖြင့် အသုံးချနိုင်ရန် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားပေးဆောင်ရွက်ကာ ထွက်ရှိလာသည့် တန်ဖိုးမြှင့်ကုန်ချောများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ခြင်းဖြင့် ဒေသအသီးသီးတို့ စီးပွားဖွံ့ဖြိုးတိုးတက်လာပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်သည်။

မြန်မာ့ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ ကျောရိုးဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ သို့သော်ငွေကြေးဆိုင်ရာ အခက်အခဲများ၊ နည်းပညာဆိုင်ရာ အားနည်းချက်များ၊ ဈေးကွက်ရှာဖွေရေးနှင့် ထုပ်ပိုးမှုဆိုင်ရာ ပြဿနာများကို ရင်ဆိုင်နေရသည်။ အစိုးရ၏ ပံ့ပိုးကူညီမှုအစီအစဉ်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများရယူခြင်း၊ ခေတ်မီထုပ်ပိုးမှုအသုံးပြုခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ချိတ်ဆက်ခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချခြင်းတို့ဖြင့် ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန် ဆောင်ရွက်နိုင်ပါက မြန်မာ့ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအရှိန်အဟုန်ဖြင့် မောင်းနှင်ပေးနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးအခြေခံထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် ဒေသအသီးသီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာမှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်းကို ရေးသားတင်ပြအပ်သည်။

ကိုးကား

– ၁၉-၁၀-၂၀၂၆ ထုတ် မြန်မာ့အလင်းသတင်းစာ။

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှဦးစီးဌာန

သောင်ယံကမ်းက ဆန်းတော့သည် မောင်ခြိမ့်



ယမန်နေ့မှအဆက်

(၉)

တဲအိမ်အပြင်ဘက် သောင်ပြင်ပေါ်မှာတော့ လရောင်ကလေး ဖြာပြီးကျလျက်ရှိသည်။ မြစ်လေကလေးက ခပ်ညင်းညင်း ဝင်ရောက်တိုးဝှေ့လာသောကြောင့် ကျွန်တော်နှင့် ဖိုးစံခဲတို့နှစ်ယောက်ကြား ထွန်းထားသော ဒီဇယ်မီးခွက်ကလေး၏ မီးစွယ်သည် ဟိုဟိုသည်သည် လူပ်ရှားယိမ်းနွဲ့လျက်ရှိသည်။

ရေနွေးကြမ်းအိုးကို မှေထားပြီး စကားကောင်းနေသဖြင့် မြေရေနွေးကရားကြီးထဲက ရေနွေးကြမ်းများလည်း အေးစက်၍နေပါပြီ။ ကျွန်တော်က တော့ ဖိုးစံခဲ၏ ဇာတ်လမ်းတွင် စိတ်ဝင်စားလွန်းအားကြီးလှသဖြင့် အသက်တောင် ရှူမိသည်မထင်။ ဖိုးစံခဲသည် ရေနွေးကြမ်းအေးစက်စက် တူးတူးခါးခါးကြီးကိုပဲ ငှဲ့၍ တဂွတ်ဂွတ်နှင့်မော့ပြီး အားရပါးရသောက်လျက်ရှိသည်။ ဟိုးမြစ်ပြင်တစ်ဖက် သောင်စပ်ဆီမှ ဆွဲဆွဲငင်ငင်ဟစ်ကြွေးလိုက်သော ညဉ့်ဌက်တစ်ကောင်၏အသံသည် တိတ်ဆိတ်သောညဉ့်၏ ဂီတသံလား ထင်မှားစေလောက်သည်။

ကျွပ်ဘကြီး ပန်းပဲဆရာကြီးကိုပြတဲ့ ဆောက်သံကြီးဟာ လွန်းထောင်ဆရာကြီးနဲ့ ကိုငတင်တို့ တိတ်တိတ်ကျိတ်ပြီး လှေကြီးကနေ နုတ်ယူထားလိုက်တဲ့ သံကြီးပေါ့။ အဲဒီသံဟာ မူလက ဘယ်ဒေသ ဘယ်ပန်းပဲဖိုက လုပ်ပေးလိုက်တာလဲတော့ မသိဘူး။ အင်မတန် ငါးကြိုက်တဲ့ သံလို့ဆိုတယ်။

အဲဒီသံကို လှေကြီးရဲ့ ရေပက်ကန့် ငါးပိုင်းလောက်မှာ ရိုက်ထားခဲ့တာဆိုတော့ ညဘက်ညဘက် လူခြေတိတ်ချိန်မှာ ရေအောက်မှာရှိတဲ့ ငါးတွေက လာလာပြီး တွပ်ကြ၊ ဟပ်ကြတာလို့ပြောတယ်။ အဲဒီတော့ လှေကိုပဲ တစ်ခုခုက ဝင်ဝင်ပြီး ဆောင့်နေသလိုလို တဒုန်းဒုန်းတဒိုင်းဒိုင်းကို ဖြစ်နေတော့တာပေါ့။ ဘယ်မဖြစ်ခံနိုင်မှာလဲ၊ ဝင်ဝင်တွပ်တဲ့ ငါးကြီးတွေဟာ နည်းနည်းနောနောမဟုတ်ဘူး။ တစ်ကောင်တစ်ကောင်ကို ပိသာနှစ်ဆယ်၊ သုံးဆယ်ရှိတဲ့ ငါးမြင်းတို့၊ ငါးတန်တို့လို ငါးကြီးတွေကိုး၊ ဆရာလေးရဲ့။

အဲဒီသံအကြောင်းကို ဘယ်သူ့ကိုမှ မပြောဖို့ ကျွပ်ကို လူကြီးတွေက သေသေချာချာမှာကြတယ်။

အဲဒီဆောက်သံကြီးကို ကျွပ်ဘကြီးရယ်၊ ကျွပ်ရယ်၊ ကိုငတင်ရယ် သုံးရက်တိတိ ပန်းပဲဖိုမှာ ငါးမျှားချိတ်ကြီးဖြစ်အောင် လုပ်ယူရပါတယ်။ မူလက သံချေးတက်နေတဲ့ ဆောက်သံကြီးဟာ သံကို နိုင်နင်းလှတဲ့ ကျွပ်ဘကြီးရဲ့ မီးပေးလိုက်၊ တူရိုက်လိုက်၊ ရေစိမ်လိုက်နဲ့ သုံးရက်လဲ မြောက်ရောသံမဏိရောင်ပြာလဲ့လဲ့ ဖြူဖြူဖွေးဖွေးနဲ့ ငါးတွေရဲ့ သွေးကို သောက်သုံးဖို့ အသင့်ဖြစ်နေပါပြီ။

တစ်ဆယ့်လေးတောင်လောက်ရှိတဲ့ စိတ်တိုင်းကျ ထီးရိုးဝါးရဲ့အဖျားမှာ ပိုးလေထီးကြိုးကြီးနဲ့ ငါးမျှားချိတ်ကိုတပ်လို့၊ တစ်ဆယ့်သုံးတောင်လောက်ရှိတဲ့ တံငါလှေကလေးထိပ်မှာ ဆင်လို့ ကိုငတင်တစ်ယောက် ဗန်းလိုက်ထွက်သွားခဲ့ပါပြီ။

ဗန်းလိုက်တယ်ဆိုတာ ကျွပ်တို့အောက်အရပ် တံငါဒေသသုံးစကားပေါ့။ ပိသာနှစ်ဆယ်၊ သုံးဆယ်လောက်ရှိတဲ့ ငါးကြီးတွေကိုသာ မျှားယူတာ။ ရေအနက် အတောင်သုံးလေးဆယ်ရှိတဲ့ မြစ်ကွေ့ချောက်နက်နက်ကြီးတွေမှာ သွားပြီးမျှားရတာကို ခေါ်တာပေါ့။

အဲဒီလို ဗန်းလိုက်တဲ့အခါ ရတတ်တဲ့ ငါးကြီးတွေက ငါးမြင်း၊ ငါးတန်၊ ငါးရွှေးပေါက်နဲ့ ကသပေါင်းဆိုတဲ့ ငါးကြီးတွေရတတ်တာလေ။ ကျွပ်တို့ငယ်ငယ် ဟောဟိုက မြင်နေရတဲ့ မြစ်ပြင်တစ်ကြောမှာ ပေါလိုက်တဲ့ ငါးတွေမှ ဖမ်းမကုန်နိုင်အောင်များတာကလား။ အခုတော့လဲ ရှားပါးကုန်ပါပြီ။ ရှာတဲ့ဖွေတဲ့ သူတွေက များများလာတော့ ငါးတွေလဲ မျိုးသုဉ်းကုန်မှာတောင်စိုးနေရပြီပေါ့။ ဘယ်ကလာ ပိသာနှစ်ဆယ်၊ သုံးဆယ်ထွက်တဲ့ ငါးတွေရှိတော့လို့လဲ။ မြစ်တွေချောင်းတွေကလဲ တဖြည်းဖြည်းတိမ်ကောလာလို့ မြစ်ရေ၊ ချောင်းရေ ဆုတ်ဆုတ်သွားတာလဲ ပါမှာပေါ့ ဆရာလေးရယ်။

တစ်နှစ်၊ နှစ်နှစ်အတွင်းမှာတင် ဖြစ်လိုက်တဲ့ စီးပွားဗျာ။ လူကသာ အညာသားဆိုပေမဲ့ ရေလုပ်ငန်းမှာလဲ ကျွမ်းကျင်သကိုး ဆရာလေးရဲ့၊ ငါးမျှားချိတ်ကလဲ ငါးကြိုက်တဲ့ သံနဲ့မှ လုပ်ထားတာဆိုတော့ တစ်နေ့တစ်နေ့ ပိသာနှစ်ဆယ်၊ အစိတ်ထွက်တဲ့ ငါးတန်တွေ၊ ငါးမြင်းတွေ ရတာဟာ ဘယ်နည်းမလဲ။ တစ်ခါတစ်ခါကသပေါင်းငါးကြီးတွေပါရတာပဲ။

ကျေးဇူးတရားကိုလဲ အလွန်သိတတ်တာကလား။ သူ့ကျေးဇူးရှင်တွေဆိုပြီး လွန်းထောင်ဆရာကြီးနဲ့ ပန်းပဲဆရာကြီးကိုပါ မပူမပင် မကြောင့်မကြ ထောက်ပံ့ထားတာပဲ။

ကျွပ်တို့မောင်နှမနှစ်ယောက်ကိုလဲ အတော်ခင်ရှာချစ်ရှာပါတယ်။ လိုလေသေးမရှိ ပေးနေတာပဲ။ အဲဒါနဲ့ ကျွပ်တို့မောင်နှမနှစ်ယောက်ကလဲ သူ့ဝေယျာဝစ္စ အိမ်မှုကိစ္စမှန်သမျှ အကုန်လုပ်ပေးကြတာပေါ့။

ထမင်းဟင်းချက်ဖို့၊ လျှော်ဖို့ ဖွပ်ဖို့ နှမကလေးက တာဝန်ယူပြီး သူငါးဖမ်းထွက်ရင် ကျွပ်က အိမ်စောင့်တယ်။ ထင်းခွဲ၊ ရေခပ်လုပ်တယ်။ ရလာတဲ့ ငါးတွေ စေးပို့တယ်။ အို...ကျွပ်တို့သုံးယောက်ဟာ တကယ့် မိသားစုကလေးတစ်ခုလိုပါပဲ။ ညညလကလေး သာသာမှာ သောင်ခုံပြန့်ကလေးပေါ် ကျွပ်တို့သုံးယောက်သားထိုင်ပြီး ကိုငတင်ရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို ကျွပ်တို့မောင်နှမက နားထောင်လို့။ တစ်ခါတလေ နှမကလေးထိုးပေးတဲ့ ကောက်ညှင်းဆီထမင်းကလေးကို ငါးရံ့ခြောက်ဖုတ်ကလေးနဲ့ စားလို့။ အခုနေပြန်တွေးရင်ကို မျက်စိထဲမှာ မြင်ယောင်မိပါသေးတယ်။

လူက လူအေး။ အနေကလဲ ရိုးသားတော့ ကျွပ်တို့ရပ်၊ ကျွပ်တို့ရွာက ကိုငတင်ကို ချစ်ကြတယ်။ မိဘတွေကလဲ သူတို့သမီးတွေနဲ့ သဘောတူကြတယ်။ အစ်ကိုတွေမောင်တွေကလဲ သူတို့နှမသားချင်းတွေနဲ့ သဘောတူကြတယ်ပေါ့။ တချို့များကြားခံလူတွေနဲ့လာပြီး ကိုငတင်ရဲ့သဘောထားကို တီးခေါက်ကြည့်ကြတယ်။

ကိုငတင်က ပြုံးပြုံးကလေးနဲ့ပြောပါတယ်။ သူအိမ်ထောင်ပြုဖို့ စိတ်မကူးပါဘူးတဲ့။ သူမှာ ဟောဒီညီတစ်ယောက်၊ ညီမတစ်ယောက်ရှိနေပြီပဲ။ အခြားမလိုတော့ပါဘူးတဲ့။ သူက အဲဒီလိုပြောတော့ ကျွပ်တို့မောင်နှမမှာလေ ဝမ်းသာလိုက်ရတာ။ ကြည်နူးလိုက်ရတာ မပြောပါနဲ့တော့ ဆရာလေးရယ်။

ထူးခြားတာထစ်ခုက ကိုငတင်ဟာ အလှူအတန်းမှာ သိပ်ရက်ရောတာပဲ။ ကျွပ်တို့ရပ်ရွာမှာရှိတဲ့ ကျောင်း၊ ကန်၊ ဇရပ်၊ ရေချမ်းစင်မှန်သမျှ ကိုငတင့် အလှူတွေချည်းပဲလို့တောင် ပြောလို့ရပါတယ်။

သာရေး၊ နာရေးမှန်သမျှ ဘယ်တော့မှ လက်မတွန့်ခဲ့ဘူး။ ဒါကြောင့်လဲ ရပ်ရွာက ကလေး၊ လူကြီးကိုငတင်ကို မချစ်တဲ့သူမရှိဘူးပေါ့"

"နေပါအုံးအဘရဲ့။ အဲဒီကိုငတင်ဆိုတာ အခုရှိသေးသလား။ ရှိရင်ကော ဘယ်မှာနေသလဲ။ တွေ့ချင်လိုက်တာဗျာ"

ကျွန်တော်က သိချင်စိတ်ဖြင့် မေးသောအခါ ဖိုးစံခဲသည် သူပြောနေသောစကားကို ဖြတ်ပြောရကောင်းလားဟူသောသဘောဖြင့် ကျွန်တော့်ကို မကျေမနပ် ငဲ့ကြည့်လိုက်သေး၏။

"ပြောမှာပေါ့ ဆရာလေးရယ်။ သူ့အကြောင်းထူးဆန်းပုံ ပြောချင်လို့ကို အခုလောက်ထိ အစပျိုးလာရတာ၊ မပြောလို့ဘယ်ဖြစ်ပါ့မတုံး"ဟု ခပ်ဆတ်ဆတ်ဆိုရင်း ဝေဝါးသောလရောင်အောက်ရှိ မှုန်ရီရီသောင်ကမ်းဘက်ကို လှမ်း၍ငေးလိုက်သေးသည်။

"ကျွပ် ကောင်းကောင်းမှတ်မိနေသေးတာပေါ့။ အခုလို နွေတစ်ညရဲ့ လထွက်စကလေးမှာပေါ့။ မိုးတွင်းတစ်တွင်းလုံး ကျွန်းတွေ၊ သောင်တွေ မြုပ်အောင်၊ ကမ်းတွေ၊ ကမ်းပါးကြီးတွေ ပဲ့ကျအောင် ရေလုံးကြီးခဲ့၊ ရေစီးထန်ခဲ့တဲ့ ဟောဟိုမြစ်မကြီးဟာ မာန်စွယ်တွေကျိုးပြီး ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးလိုတွေ့သမျှ သောင်ခုံတွေကို ကွေ့ဝိုက်ပြီး စီးတယ်ဆိုရုံကလေးအေးအေးဆေးဆေးစီးနေတော့တာကလား။

ဆန်းသစ်စလအကွေးကလေးကလဲ သာတယ်ဆိုရုံကလေး၊ လင်းလက်ရုံကလေး မှုန်ဝါးဝါးနဲ့ ကျယ်ပြန့်လှတဲ့သောင်ခုံတွေနဲ့ မြစ်ပြင်ကြီးကို မြင်ရတာလွမ်းစရာသိပ်ကောင်းတဲ့ မြင်ကွင်းတစ်ခုပါပဲ ဆရာလေးရယ်။ အဲဒီလို လွမ်းစရာကောင်းတဲ့ညဦးမှာ ကိုငတင်တစ်ယောက် လှေကလေးနဲ့ ငါးဖမ်းဖို့ ဗန်းလိုက်ထွက်သွားခဲ့တာပေါ့"

ဖိုးစံခဲ၏စကားအဆုံးတွင် "အင့်"ခနဲ ရှိုက်သံတစ်ခုပေါ်ထွက်လာခဲ့သည်။ တစ်ချိန်လုံး ကျွန်တော်တို့စကားဝိုင်းဘေးတွင် ထိုင်ကာကောက်ညှင်းဆန်ထဲမှ စပါးလုံးများ၊ ဆန်ကြမ်းများရွေးကာ ငြိမ်သက်စွာ နားထောင်နေခဲ့သောဒေါ်မြမှုံတစ်ယောက်မျက်နှာကို လက်နှစ်ဖက်ဖြင့် ဖုံးအုပ်ရင်း တဲအိမ်ကလေးပေါ်မှ ဆင်းသွားလေပြီ။

(၁၀)

မြစ်ကမ်းစပ်ရှိ သောင်ခုံပြင်ကြီးကိုဖြတ်၍ လယ်ကွက်ကလေးများ၏ ဘေးတွင်ရှိသော တွဲဖက်အထက်တန်းကျောင်းကလေးဆီ တစ်လှမ်းချင်းလှမ်း၍ ပြန်လာခဲ့သော ကျွန်တော်၏ရင်တစ်ခုလုံး လေးလံမွန်းကျပ်လျက်ရှိ၏။ ညဉ့် နာရီပြန်တစ်ချက် ခန့်ရှိပြီမို့ တိတ်ဆိတ်အေးချမ်းသော ရွာကလေးဆီမှ မီးရောင်တစ်စွန်းတစ်စမျှ မမြင်ရတော့။ ကောင်းကင်တစ်ခိုမှာတော့ ပြာလွင်သောနောက်ခံတွင် တိမ်စိုင်တို့က အဆုပ်လိုက်၊ အမျှင်လိုက် ကြဲပက်ထားသကဲ့သို့ လွင့်မျောနေကြသည်။

မှုန်ပျပျလရောင်ဆမ်းထားသဖြင့် ကမ်းစပ်ရှိ ခရာပင်များ၊ လမုပင်အုပ်ကလေးများ၊ မိုးမခပင်ငယ်များ၏ အရွက်တို့သည် ဖြတ်သန်းတိုက်ခတ်လာသော လေအနေ့တွင် ဆော့ကစားလျက်ရှိနေကြ၏။

လွန်းသောင်ကမ်းစပ်က တဲအိမ်ကလေးမှာတော့ လွမ်းမောဖွယ်ရာအတိတ်ကို ထွေးဖက်ရင်း လှိုက်မောဆို့နင့်စွာ ခံစားကျန်ရစ်သော ဖိုးစံခဲနှင့် ကမ်းစပ်နံဘေး သဲသောင်ထက်မှာ ဘယ်ဝယ်ဆီမျှော်ရည်ငေးသည်မသိ၊ ဝေသီမှုန်ဝါးသောအကြည့်ဖြင့် အဆွေးကြွယ်၍နေသော ဒေါ်မြမှုံတစ်ယောက် ကျန်ရစ်ခဲ့ပြီ။

ဖိုးစံခဲ၏ စကားသံတို့က ကျွန်တော့်အပါးတွင် ဝေ့ဝဲလွင့်ပျံ့နေဆဲပင် ရှိသေး၏။

အဲဒီညက ကိုငတင်တစ်ယောက် ပြန်ရောက်မလာခဲ့ဘူးတဲ့။ နောက်တစ်နေ့ နံနက်တွင်တော့ ကိုငတင်စီးသွားတဲ့ ငါးဖမ်းလှေကလေးကသာ သခင်မပါလေဘဲ လွန်းသောင်စပ်တွင်လာ၍ ကပ်ခဲ့သတဲ့။ နေ့စဉ်ရက်ဆက် ရွာသားတွေ လူစုခွဲ၍ မြစ်အနှံ့၊ ချောင်းအနှံ့၊ သောင်ခုံပြန့်မကျန် မြေလှန်၊ ရေလှန်၍ ရှာဖွေခဲ့ကြသော်လည်း ကိုငတင်၏ ရုပ်အလောင်းကိုလည်းကောင်း၊ ငါးကြိုက်သော သံဖြင့် ပြုလုပ်ထားသည့် ငါးမျှားချိတ်တပ်ထားသော၊ တစ်ဆယ့်လေးတောင်ခန့်ရှည်သော ထီးရိုးဝါးကြီးကိုလည်းကောင်း လုံးဝမတွေ့ခဲ့ရဘူးတဲ့။

စာမျက်နှာ ၂၇ သို့ á

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီး



တန့်ဆည် နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၇၃၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို သြဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၂ ဒသမ ၈၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ၃၅၇၃၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေလက်ရှိမှာ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လွှဲမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပလာတူးငါး ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပလာတူးငါး ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပလာတူးငါးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ပလာတူးငါးပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပလာတူးငါး ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရင်လတွေကထက် အောက်တိုဘာလမှာ ကုန်ချိန်တွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေ ပလာတူးငါးတွေအပြင် အခြားရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပလာတူးငါးတွေ အဓိကတင်ပို့ရောင်းချတာပါ။ အခုလို ပလာတူးငါးတွေ တင်ပို့ရောင်းချအား ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါးတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

á စာမျက်နှာ ၂၆ မှအဆက်

ဖိုးစံခဲတို့မောင်နှမနှစ်ယောက်ကတော့ ကိုငတင်တစ်ယောက် ပျောက်ဆုံးသွားသော လွန်းသောင်စပ်မှာပင် တစ်နေ့သော်ပေါ်လာနိုးနှင့် မျှော်ကိုးစောင့်စားလာခဲ့သည်မှာ နှစ်ပေါင်းပင် ၅၀ ပြည့်တော့မည်တဲ့။ နောင်ကိုလည်း အသက်ရှင်နေသရွေ့ ဆက်၍စောင့်နေဦးမှာပဲတဲ့။

ကျုပ်ကတော့ ဘာအရေးလဲဆရာလေးရယ်။ ကျုပ်နှမကလေးကိုသာ သနားတာပါ။ သူ့ခမျာ အရွယ်ကလေးရောက်လာတော့ သူ့အိုးနဲ့ သူ့ဆန်တန်ရုံလာလာစပ်ကြ ဟပ်ကြတဲ့သူတွေလဲ ရှိပါရဲ့။ ဒါပေမဲ့ သူကလဲ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးတဲ့။ မချစ်နိုင်ဘူးတဲ့။ သူချစ်တာက ကိုငတင်ကိုပဲတဲ့။ တစ်နေ့နေ့မှာ ကိုငတင်တစ်ယောက် ဟောဒီလွန်းသောင်စပ်ကိုပြန်လာမှာ အမှန်ပဲတဲ့။ တကယ်လဲ သူယုံကြည်သတဲ့။ စိတ္တဇများဖြစ်နေသလား မပြောတတ်တော့ပါဘူး ဆရာလေးရယ်တဲ့။

လရောင်မှုန်ရီဝေသည့် သောင်ကမ်းစပ်ပေါ် တစ်လှမ်းချင်း လျှောက်လာရင်းက ကျွန်တော်သည် ဖိုးစံခဲတို့မောင်နှမ၏ကမ်းစပ်တဲဆီ လှည့်၍ကြည့်မိပြန်သည်။ ဖြူဖျော့ဖျော့လရောင်အောက်တွင် စိမ်းလဲ့လဲ့မြစ်ရေပြင်သည် သောင်ခုံညိုညိုကြီးကိုရစ်ကာ ဝိုက်ကာ သွဲ့သွဲ့ကလေး စီးမျောနေသည်မှာ လွမ်းစရာပင် ကောင်းသေးတော့သည်။

(၁၁)

အဘဖိုးစံခဲ၏ ဇာတ်လမ်းထဲတွင် သူပြောသလို ထူးထွေတည့်အံ့ရာသော် ဖြစ်ရပ်တစ်စုံတစ်ခုမှ ကျွန်တော်မခံစားရပါ။ လောကတွင် ကျွန်တော်တို့ မတွေ့သေး၊ မသိသေး၊ မဖော်ထုတ်နိုင်သေးတာတွေ အများကြီးရှိနေနိုင်သည်ဟု ကျွန်တော်လက်ခံထားသည်။ သို့သော်... သူကလည်း ချစ်ပါသည်ဟု တစ်ခါမျှထုတ်ဖော်မပြောခဲ့စဖူး။ ကိုယ်ကလည်း ချစ်လှပါသည်ဟု ဖွင့်ဟဝန်မခံဖူးသော ယောကျ်ားတစ်ယောက်အပေါ်တွင် ယခုလို နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် အောင် သစ္စာရှိရှိနှင့် ချစ်နေနိုင်၊ မျှော်လင့်နေနိုင်ခဲ့သော ရွှေရင်သိမ်း သစ်မိန်းကလေးတစ်ယောက်၏ တစ်ဖက်သတ်အချစ်ကိုတော့ ကျွန်တော်အထူးပင် အံ့သြလေးစားမိပါတော့သည်။

အလှဆုံး ပြုံးလိုက်ပါ

- အလှဆုံး ပြုံးလိုက်ပါ၊
ကျင့်သိက္ခာ တူညီမျှ
လူပီသစွာ၊
မာနနှင့် အတ္တခွာ
မှတ်ရစရာ ကောင်းဖို့စွမ်း၊
ရှင်သန်ရာ လူ့ဘဝ
လှပမြော့ချမ်း။

- အလှဆုံး ပြုံးလိုက်ပါ၊
အများအကျိုး ကိုယ်ကျိုးမဖက်
တိုးတက်စေရာ၊
ပေးစွမ်းကြ ချစ်မေတ္တာ
အနှစ်သစ္စာ ဖြူစင်မှု၊
အကောင်းမြင် မြတ်စိတ်ထား
တရားစေခု။

- အလှဆုံး ပြုံးလိုက်ပါ၊
အမှားအမှန် ခွဲခြားလို့
မလွဲမှားရာ၊
ဒါန သီလ ဘာဝနာ
ဝိပဿနာ ကျင့်ကြံပွား၊
ကမ္ဘာမြေ အလှလွမ်း၍
ငြိမ်းချမ်းစေသား။

- အလှဆုံး ပြုံးလိုက်ပါ၊
တတ်ပညာ ဗဟုသုတ
ပြည့်ဝစေကာ၊
ဇွဲ လုံ့လ ဝီရိယသာ
ရှိရမှာ သိသတိ၊
ကောင်းမှုကံ ကုသလ
ပြုကြစေတည့်။

- အလှဆုံး ပြုံးလိုက်ပါ၊
ကိုယ့်ဝန်းကျင် ကိုယ့်ဒေသ
လှပဖို့ရာ၊
နိုင်သမျှ ပေးစွမ်းကာ
အေးချမ်းစွာ နေထိုင်ရေး၊
စည်းလုံးမှု မပျက်သုဉ်းအောင်
အမုန်းရှောင်လေး။ ။

ကိုရွှေတောသား(ဆင်ကူး)

ကိုဗစ်-၁၉ ရောဂါကူးဆက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့် အဆုတ်အတွက် အထူးကောင်းမွန်သည်။

စွမ်းရည်ရှိသောလူမျိုး

ဗညားကျန်းထော

"Skill is knowing how to do.

Wisdom is knowing what to do."

HERBERT NEWTON CASSON(1869–1951)

"တတ်မြောက်ကျွမ်းကျင်မှုက ဘယ်ပုံဘယ်နည်းလုပ်ကိုင်ဆောင်ရွက်ရင် အောင်မြင်ပြီးမြောက်မယ်လို့ သိခြင်း၊ နားလည်ခြင်းဖြစ်ပါတယ်။ ဘယ်အရာ ဘယ်လုပ်ဆောင်ချက်ကိုလုပ်ရင် အကောင်းဆုံး၊ အကျိုးအမြတ်အရှိဆုံးလဲဆိုတာ သိမြင်ရွေးချယ်တတ်ခြင်းကတော့ အမြော်အမြင်ဉာဏ်ပညာရှိခြင်းဖြစ်ပါတယ်။"

ဟားဘတ်နယူတန်ကက်ဆန်(၁၈၆၉-၁၉၅၁) နိဒါန်း

ဒီစာကိုဖတ်ရှုနေတဲ့စာဖတ်သူဟာ အသက်အရွယ်ဘယ်လောက်ရှိသလဲ စာရေးသူမသိပါ။ ဘာလူမျိုးလဲ မသိပါ။ ဘာအလုပ်လုပ်သူလဲမသိပါ။ အမျိုးသားလား၊ အမျိုးသမီးလားမသိပါ။

ဖြစ်နိုင်တာကိုခန့်မှန်းပြောပြရရင်တော့ ဒီစာကိုဖတ်နေတဲ့စာဖတ်သူဟာ စာရေးသူရေးခဲ့တဲ့စာတချို့ကို ဖတ်ဖူးကြားဖူးတဲ့ မိတ်ဟောင်းဆွေဟောင်းပဲဖြစ်ပေလိမ့်မယ်လို့ ယူဆပါတယ်။ စာရေးသူကို မကြားဖူးတဲ့လူ၊ မသိသူကတော့ တကူးတကန့် မဖတ်လောက်ပါဘူး။ ဒါကြောင့် ဗညားကျန်းထော ဆိုတဲ့ကလောင်ဆိုတာကို တွေ့ဖူးဖတ်မိဖူးပါတယ်။ သူရေးတဲ့စာတွေက လူငယ်တွေ၊ မိမိနိုင်ငံသူ၊ နိုင်ငံသားတွေကို တိုးတက်ပါစေ၊ အောင်မြင်ပါစေ၊ ပျော်ရွှင်ပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့ ရေးလေ့ရှိတာတွေ့ရပါတယ်လို့ လက်ခံလို့ သို့မဟုတ် သဘောကျလို့ သို့မဟုတ် လေးစားနားလည်လို့ဖတ်နေတဲ့စာဖတ်သူပေါ့။ ဒီတော့ ခင်မင်ရင်းနှီးပြီးသား မိတ်ဆွေရင်းချာအနေနဲ့ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်းတင်ပြမယ်။ အသက်အရွယ်ကြီးကြီးငယ်ငယ်၊ ကျားဖြစ်ဖြစ်၊ မဖြစ်ဖြစ် အရေးမကြီးပါဘူး။ စာရေးသူရဲ့ရင်ဘတ်ထဲရှိတဲ့အရာတွေကို စာဖတ်သူရဲ့ရင်ဘတ်ထဲသို့ ရောက်အောင်ဝေမျှနိုင်ရင် ပြီးတာပါပဲ။

မိမိအလုပ်

အချို့လူတွေက ကိုယ်နဲ့မဆိုင်တဲ့အလုပ်တွေနဲ့ အလုပ်ရှုပ်၊ စိတ်ရှုပ်နေတတ်ကြတယ်။ အဲဒါက ကိုယ်လုပ်ပိုင်ခွင့်လဲမရှိ၊ လုပ်နိုင်ခြင်းလဲမရှိ၊ ပြုပြင်ဖန်တီးနိုင်ခွင့်မရှိတဲ့ ပြင်ပအခြေအနေတွေပေါ့။ တကယ်တော့ ကိုယ်နဲ့မဆိုင်တာတွေနဲ့ မိမိရဲ့တန်ဖိုးရှိလှတဲ့အချိန်တွေကို မကုန်စေရပါ။ ကိုယ်မတတ်နိုင်တာကို ရှည်ရှည်ဝေးဝေး ဝင်စဉ်းစားမနေနဲ့လေ။ လုပ်ရမှာကို လုပ်ပါ။

ကိုယ့်ကိုယ်ကိုယ် ဝါကျတစ်ကြောင်းနဲ့ဆုံးမပါ။

"Mind your business."

("ကိုယ့်အလုပ်ကိုသာ ကိုယ်အာရုံစိုက်ပါ")

ကိုယ့်အလုပ်ကဘာလဲဆိုတော့ ကိုယ်လုပ်နေရတဲ့အလုပ်ကို အကောင်းဆုံး၊ အအောင်မြင်ဆုံးနဲ့ အထိရောက်ဆုံး အကောင်အထည်ပေါ်အောင် သေသေချာချာအာရုံစူးစိုက်ပြီးလုပ်ဖို့သာပါပဲ။

လူဆိုတာဘာလဲဆိုရင် အလုပ်ပဲလို့ဆိုပါစို့။

အလုပ်ဆိုတာ ကံပေါ့။ ကမ္မဆိုတဲ့ပါဠိဝေါဟာရကနေ မြန်မာစကားအဖြစ် မွေးယူလိုက်ခဲ့တော့ ကံလို့သုံးစွဲကြတာပေါ့။ လူ့တန်ဖိုး၊ လူရဲ့နေရာဟာ သူ့ရဲ့အလုပ် သို့မဟုတ် ကံပေါ်မှာမူတည်တာပဲ။

ကံကောင်းရင်လူတော်။ လူတွေက နေရာပေးရဲ့။

ကံဆိုးရင်လူညံ့။ လူတွေက လူရာမသွင်းချင်ပါ။

ကံကောင်းပါစေ

ကံဆိုသည်မှာ လူတစ်ယောက်က ရွေးချယ်လုပ်ခဲ့တဲ့အလုပ်စွမ်းအားအဟုန်သတ္တိပါပဲ။ အဲဒီစွေ့ဆော်မှုကိုတော့ စေတနာလို့ခေါ်ပါတယ်။ စေတနာဆိုတာက အလုပ်တစ်စုံတစ်ရာကိုဖြစ်ပေါ်စေနိုင်တာမို့ အဲဒီစွေ့ဆော်မှုသဘောစေတနာကိုပင် ကံလို့ဆိုနိုင်တယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။

စေတနာကောင်းရင် ကံကောင်းပါတယ်လို့ ရှေးလူကြီးသူမတွေ ဆုံးမခဲ့တာ ဒီသဘောပါပဲ။

စေတနာကောင်းရင် ကံကောင်းမယ်။

စိတ်ကောင်းထားရင် ကောင်းကျိုးရမယ်။

လူလူချင်းအတူတူပေမယ့် အချို့လူတွေက ချမ်းသာကြပြီး အချို့လူတွေက ဘာကြောင့်ဆင်းရဲရတာလဲ။ စေတနာမတူ၊ ကံမတူ၊ ဉာဏ်မတူလို့ ကွဲပြားခြားနားခဲ့ခြင်းပါပဲ။ အောင်မြင်ကြီးပွားတဲ့ လူတစ်ယောက်တစ်နာရီအတွင်းရောက်မှာ၊ ဒါဆို ငါ့ချစ်ဇနီးမသေဘူး။ သေသူပြန်မရှင်နိုင်တော့ပေမယ့် ငါတို့ရွာက လူနာတွေ မသေသင့်ဘဲမသေရအောင် ငါတစ်သက်လုံး တောင်ကြားလမ်းဖြတ်လမ်းကို ဖောက်မယ်ဆိုပြီး နေ့စဉ်ပဲ ပေါက်ချွန်းပေါက်ပြား၊ တောင်းတစ်လုံးနဲ့ နှစ်ပေါင်း ၃၀ လောက် လမ်းဖောက်လိုက်တာ ပေါက်သွားပါတယ်။ နောက်တော့ဒေသခံအစိုးရက ကားလမ်းပါဖောက်ပေးခဲ့ပါတယ်။ အလုပ်တစ်ခုဟာ အနှစ် ၃၀ ကြာမှ ပြီးစီးအောင်မြင်တာမျိုးလဲရှိတတ်တယ်။

အခုရေတွင်းတူး အခုရေကြည်သောက်ချင်တယ်လို့ပြောရင် မဖြစ်နိုင်ဘူး။ ကြီးမားတဲ့အလုပ်ဆိုတာ လွယ်လွယ်လောလောလုပ်လို့မရနိုင်ပါဘူး။

❖ ကြီးမားတဲ့အလုပ်ဆိုတာ လွယ်လွယ်လောလောလုပ်လို့မရနိုင်ပါဘူး။ စွမ်းရည်ရှိတဲ့လူမျိုးဖြစ်လာအောင် မိမိတို့ကိုယ်တိုင် ပြုပြင်ပျိုးထောင်ပြောင်းလဲလို့ရပါတယ်။ ကနေ့စလုပ်ရင်လဲ အချိန်မနှောင်းသေးပါဘူး။ စာရေးသူဘဝတစ်လျှောက်မှာ ကိုယ်တွေ့ဖြတ်သန်းရင်းနဲ့ အောင်မြင်စေခဲ့တဲ့ အလုပ်ရဲ့အောင်ကြောင်းနိယာမသဘောတရား (Principle of Work)ခြောက်ချက်တွေ့ရှိကျင့်သုံးခဲ့လို့ သိသိသာသာ ချောမောအဆင်ပြေခဲ့ရပါတယ်။ မျှဝေပါရစေ။ ❖

ဖြစ်ဖို့က တကယ်ကျင့်သုံးလိုက်နာမယ်ဆိုရင် မခက်လှပါဘူး။ တို့လူမျိုးတွေရဲ့ဘဝ လူနေမှုအဆင့်အတန်းက သူများနိုင်ငံက သူများလူမျိုးနဲ့စာရင် နိမ့်ကျနေတယ်၊ နောက်ကျနေတယ်လို့ ထင်မြင်ယူဆပြီး မကျေနပ်သူတွေ၊ အားမရသူတွေ၊ စိတ်ဓာတ်ကျအားငယ်သူတွေ ရှိတတ်တယ်။

ကိုယ့်တာဝန်

ဘဝဆိုတာဒီလိုပဲ။ သစ်ငုတ်မြင့်တုံမြက်မြင့်တုံဆိုတဲ့သဘာဝရှိတယ်လေ။ အခြေအနေအချိန်အခါနဲ့ လူရဲ့ကံဉာဏ်ဝီရိယအပေါ် ပြုပြင်ပြောင်းလဲတတ်စမြဲပါပဲ။ နိမ့်ကျခြင်းဖြစ်ဖြစ်၊ မြင့်မားခြင်းဖြစ်ဖြစ် ဘယ်အရာမှတော့မတည်မြဲ၊ မတည်တံ့ပါဘူး။ အားတင်းပါ။

တိုးတက်အောင်လုပ်နိုင်ရင် တိုးတက်တာပါပဲ။

မြင့်မားအောင်လုပ်တတ်ရင် မြင့်မားလာမှာပဲ။

လက်တွေ့ဘဘတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် ရှေ့ကလုပ်ပြနိုင်စွမ်းတော့ရှိတာမဟုတ်တဲ့လူတွေကို နားယောင်မနေနဲ့။ နေ့ချင်းညချင်းတောင်ကြီးတစ်တောင်ကို မရွှေ့နိုင်ပေမယ့် ဒီနေရာက ကျောက်ခဲကလေးတွေကို အခေါက်ခေါက်အခါခါ နေ့စဉ်မပြတ်သယ်ပြီး တစ်နေရာကိုသွားပုံတဲ့လူဟာ နှစ်ပေါင်းများစွာကြာတဲ့အခါ တောင်ကြီးကို နေရာရွှေ့နိုင်ခဲ့တာပဲ။ ဇွဲ၊ သတ္တိရှိရတယ်။

အိန္ဒိယနိုင်ငံမှာ လူတစ်ယောက်တည်းရဲ့လုပ်အားနဲ့ဖောက်ခဲ့တဲ့ ဖြတ်လမ်းတောင်ကြားတစ်ခုရှိပါတယ်။ တောင်ကြားလမ်းကို သူ့အမည်ပေးပြီး အစိုးရက စွမ်းရည်ထူးချွန်ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့ပါတယ်။ သူ့ရဲ့ရွာမှ မြို့ကိုသွားဖို့ရာ တောင်တစ်ခုကိုကွေ့ပတ်သွားရတဲ့လမ်းပဲရှိခဲ့တယ်။ ဒဏ်ရာရလူနာ သူ့ဇနီးကို သူကထမ်းပြီး ငါးမိုင်လောက်ဝေးတဲ့မြို့ဆေးရုံကို ပို့နိုင်ခဲ့ပေမယ့် ရောက်တာနောက်ကျလို့ သူ့ဇနီးဟာ ဆေးရုံမှာပဲ ဆုံးသွားတယ်။

သာဓက

ဒီတောင်ကိုဖြတ်သန်းတဲ့ တောင်ကြားလမ်းအကယ်၍ရှိခဲ့ရင် နှစ်နာရီကြာမယ့်ခရီးရှည်လမ်းဟာ စွမ်းရည်ရှိတဲ့လူမျိုးဖြစ်လာအောင် မိမိတို့ကိုယ်တိုင်ပြုပြင်ပျိုးထောင်ပြောင်းလဲလို့ရပါတယ်။

ကနေ့စလုပ်ရင်လဲ အချိန်မနှောင်းသေးပါဘူး။

စာရေးသူဘဝတစ်လျှောက်မှာ ကိုယ်တွေ့ဖြတ်သန်းရင်းနဲ့အောင်မြင်စေခဲ့တဲ့ အလုပ်ရဲ့အောင်ကြောင်းနိယာမသဘောတရား (Principle of Work) ခြောက်ချက် တွေ့ရှိကျင့်သုံးခဲ့လို့ သိသိသာသာ ချောမောအဆင်ပြေခဲ့ရပါတယ်။ မျှဝေပါရစေ။

အလုပ်ကိုတန်ဖိုးရှိစေတဲ့အခြေခံလိုအပ်ချက်များ အရှည်မြော်မြင်ပြီးလုပ်ဆောင်ပါ။(Proactive)

အခက်အခဲတွေ့လာမှ ပျာယီးပျာယာစိတ်ကူးပေါက်ရာလျှောက်မလုပ်ပါနဲ့။ ဆန်စဉ်ရာကို ကျည်ပွေ့လိုက်စရာမလိုပါ။ နွေကာလမှာထဲက အိမ်အမိုးမလုံရင်အမိုးဖာပါ။ အမိုးအသစ်လဲပါ။ မိုးသည်းလို့ ရေကြီးရေလျှံဖြစ်မှ၊ တာတမံကျိုးပေါက်မှ ရေလွှမ်းခံ၊ ရေဘေးသင့်မှ ထမင်းထုပ်ဝေရတာထက် ဆောင်းရာသီ၊နွေရာသီကတည်းက မြစ်ရေချောင်းရေနည်းချိန်မှာ တာရိုးတွေကို သေသေချာချာခိုင်မာတဲ့တမံတွေ ပြုပြင်ထားပါ။ အမြော်အမြင်ရှိခြင်းနဲ့ မရှိခြင်းဟာ ကွာခြားတယ်။ ကြိုတင်မြော်တွေးလုပ်ဆောင်ခြင်းဟာ အလုပ်ကိုအောင်မြင်စေတဲ့ ခေါင်းဆောင်ကောင်းရဲ့စွမ်းရည်ပဲ။

ရှင်းရှင်းလင်းလင်းလုပ်ပါ။ (Clearness)

ရှင်းရှင်းလင်းလင်းတွေးပါ။ ရှင်းရှင်းလင်းလင်းရေးပါ။ ရှင်းရှင်းလင်းပြောပါ။ ရှင်းရှင်းလင်းလင်းလုပ်ပါ။ ရှင်းရှင်းလင်းလင်းစစ်ဆေးကြပ်မတ်ပြုပြင်ပါ။ အမှန်အတိုင်းပြောပါ။ ရိုးသားဖြောင့်မတ်ရပါမယ်။

တိတိကျကျလုပ်ပါ။(Particularly)

တိုတိုထွာထွာနဲ့ ဟိုတစ်စ၊ ဒီတစ်စမပြော၊ မရေး၊ မလုပ်ရ။ ဘခြောက်လုံးနဲ့ တာဝန်ပေးပါ။ ဤဘခြောက်လုံးနှင့်အထက်သို့ အစီရင်ခံပါ။ ဘုရင့်ယောက်ဖ ခွေးကြည့်ခိုင်းရသလို အခေါက်ခေါက်အခါခါမေးမနေရအောင် တိကျပြည့်စုံစွာ လုပ်တတ်ကိုင်တတ်ရပါမယ်။ (က) ဘယ်သူလဲ၊ (ခ) ဘယ်အလုပ်လဲ၊ (ဂ) ဘယ်အချိန်လဲ၊ (ဃ) ဘယ်နေရာလဲ၊ (င) ဘာကြောင့်လဲ၊ (စ) ဘယ်လိုလုပ်ရမှာလဲ။

ဘာကြောင့်လဲဆိုတဲ့အကြောင်းရင်းရည်ရွယ်ချက်နဲ့ဘယ်နည်းလမ်းနဲ့ဘယ်အချိန်မတိုင်မီပြီးစီးရမှာလဲ (Dead Line)တိတိကျကျပါဝင်ရပါမယ်။ သောကောရောကောနဲ့မရေမရာတွေ ပြောဆိုဆောင်ရွက်နေရင် အရည်အသွေးရှိတဲ့အလုပ် မဖြစ်လာတော့ ပွဲပြီးမီးသေနဲ့ ဒုံရင်းဒုံရင်းမို့မတိုးတက်နိုင်ပါ။

ပေါင်းစပ်ညှိနှိုင်းပြီး ဟန်ချက်ညီညီပူးပေါင်းလုပ်ပါ။ (Synergy)

အပေါင်းလက္ခဏာသဘောလုပ်ကိုင်တာထက် အမြောက်လက္ခဏာသဘောလုပ်ဆောင်ရပါမယ်။ ၂+၂=၄။ ၂x၂=၄ မို့ အပေါင်းနဲ့အမြောက်ဟာ အတူတူပါပဲလို့ မထင်ပါနဲ့။ ၃+၃=၆ နဲ့ ၃x၃=၉ စသဖြင့်ပေါ့။ ၁၀+၁၀=၂၀ နဲ့ ၁၀x၁၀=၁၀၀ ကွဲပြားခြားနားမှုကို ကြည့်လိုက်ပါ။ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုရှိကြတဲ့အုပ်စုထဲမှာသာ စုပေါင်းညီညာအောင်ကြောင်းဖြာနိုင်ပါတယ်။ တစ်တောတစ်ကြက်ဖတွန်ချင်နေကြရင်း ငါမှငါ အတ္တလွန်ကဲ၊ မာနထောင်လွှား၊ နေရာလု၊ စားကျက်လုယက်နေကြရင် အလုပ်မဖြစ်ပါ။

အချိန်မီပြီးရမယ်(Complete In Time)

မြင်းခံငပြည့်ကို ချောင်းခြားတဲ့အဝေးတစ်နေရာရောက်နေတဲ့ အိမ်ရှေ့မင်းက နောင်တော်ဘုရင်မင်းမြတ်က သူ့ရဲ့အိမ်သူ ဝေဠုဝတီကို မျက်စိကျနေလို့ တမင်သူ့ကို အဝေးသို့စေလွှတ်တာမှန်းသိထားတော့ "တစ်စုံတစ်ရာအကြောင်းထူးရင် ဟောဒီငှါမြင်းကိုစီးပြီး ငှါစခန်းကိုအမြန်ဆုံးလာသတင်းပို့ပါ"မှာကြားခဲ့သော်လည်း လူယုံကိုယ်ရေးအရာရှိငပြည့်ဟာသောင်ပြင်ချောင်းခြားနေတာကို လရောင်ပိုးဝါးတိမ်ကြားကမှောင်တော့ ရေမှတ်လို့ ဟိုဘက်ကမ်းတင် တစ်ရေးမှေးတော့ မိုးလင်းမှသတင်းပို့နိုင်တော့တယ်။ "ညဉ့်ဦးယံမှာ နောင်တော်ဘုရင်က ခယ်မတော်ဝေဠုဝတီအဆောင်တော်သို့ ကူးခဲ့ကြောင်းပါဘုရား"အချိန်နောက်ကျတင်လျှောက်တဲ့အခါ ဓားစာမိလေသတဲ့။

အင်္ဂလိပ်စစ်တပ်မှ ဘရင်းဂန်းအပါအဝင် လက်နက်ခဲယမ်းများ ပျောက်ဆုံးစာရင်းကွာနေပြီး ဂဠုန်ပါတီခေါင်းဆောင်ဦးစောအိမ်မှာ သိုဂုဏ်ထားကြောင်းကို သတင်းကြိုရပေမယ့် ပြည်ထဲရေးဝန်ကြီးခေတ္တာဝန်ယူနေရသူက ချက်ချင်းမဆောင်ရွက်ဘဲ ဝန်ကြီးများအစည်းအဝေးကျမှ တင်ပြမယ်လို့ ဆိုင်းငံ့ထားလိုက်မိလို့ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် မနက် ၁၀ နာရီကျော်မှာ ဗိုလ်ချုပ်အောင်ဆန်း မရှုမလှုပ်ကြံခံရတဲ့ထိ နောက်ကျခဲ့မိတာကြောင့် နိုင်ငံတစ်ခုလုံး ကြီးမားတဲ့ဆုံးရှုံးမှုရခဲ့တာ သင်ခန်းစာယူစရာပါ။ အလုပ်ဆိုတာ အချိန်မီပြီးမှတန်ဖိုးရှိတယ်။

နိဂုံး

အမြဲလေ့လာဆည်းပူးပါ။(Life–long Learning)

နိုင်ငံဝန်ထမ်းဘဝ နှစ် ၄၀ ဖြတ်သန်းခဲ့ရတဲ့အလုပ်ခွင်ဖိစီးမှုတွေကို နားလည်စာနာနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် နေ့စဉ်မပြတ် စာပေဖတ်ပြီး အမြဲလေ့လာမှတ်သားနေရမယ့်ဘဝတက္ကသိုလ်ရဲ့ကျောင်းတော်သူ၊ ကျောင်းတော်သားတွေလို့ မိမိကိုယ်ကိုခံယူထားပါ။ စာမဖတ်ရင် အ မှာပဲ။ ခေတ်နောက်ကျကျန်ရစ်မယ်။ နည်းပညာခေတ်၊ အိုင်တီခေတ်၊ သတင်းတွေပေါက်ကွဲ အရာရာလျင်မြန်စွာပြောင်းလဲနေတဲ့ခေတ်ကာလကြီးထဲမှာ အေးအေးဆေးဆေး နေးနေးကွေးကွေးနဲ့ ဝတ်ကျေတမ်းကျေလုပ်နေကြသူအချို့ကို တွေ့မြင်ရတော့ ဖြစ်မှဖြစ်ရလေနော်။ အိပ်နေတဲ့လူတွေနဲ့ အတူတူမျှသာ။ နိဂုံးထကြပါကွယ်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက်မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။

⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသောနေရာများတွင်နားနေပါ။

⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊

⇒ အစားအစာ မပြင်ဆင်မီ၊

⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊

⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊

⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်

⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊

⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊

⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊

⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊

⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊

⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ



ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြာ၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၇၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉ ၂၅၂ ၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ထာဝရလှပသောအပြုံးအတွက်

DENTOMEC

Dentist Recommended

FDA အမှတ်-1907 PC 0040

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြင်ပေးကောက်ပေပါသည်။



ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဝံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ပျောက်ဆုံးကြောင်း


မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၈ လမ်း၊ ၄၁ လမ်းထောင့်နေ မင်းသန့် (ဘ) ဦးဇော်လွန်းနိုင်(၉/ခမစ(နိုင်) ၀၉၄၁၀၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-767312409

ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ လေးအိမ်တန်းရွာနေ ဒေါ်ဝိမလဉာဏီ (ခမည်း တော်) ဦးဘိုပြား(၉/မခန(သီ)၀၀၂၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-403410806

လျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။လျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဓိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧရာဝတီရိပ်မြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၄၊
၀၆၇–၈၁၀၃၃၄၅၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

အလေးမအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင် အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

သက်တမ်းလွန် CNG ဆလင်ဒါအိုးများကို အသစ်လဲလှယ် တပ်ဆင်ခြင်းမရှိသည့် CNG ယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရန် ရည်ရွယ်၍ CNG ယာဉ်များအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG)ကို တစ်ကီလိုဂရမ်လျှင် စာမျက်နှာ ၂၂ ကော်လံ ၁ ●

CNG ယာဉ်များတွင် တပ်ဆင်ထားသည့် ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများကို နှစ်ပတ်လည် စစ်ဆေးခြင်း (Annual Inspection) ဆောင်ရွက်နေစဉ်။


CNG Retest Factory အလုပ်ရုံတွင် ဆလင်ဒါအိုးများ စစ်ဆေးနေစဉ်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂

ဘိလိယက်နှင့် စနူကာအားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် စာမျက်နှာ ၂၃ ကော်လံ ၁ ✱

ပထမဆုံး World Series ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်တက်ဂ်ဘောအသင်း Teqball World Series Ayutthaya 2026 ပြိုင်ပွဲ၌ တတိယဆုရရှိ

နေပြည်တော် နိုဝင်ဘာ ၂

၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ထိုင်းနိုင်ငံ အယုဒ္ဓယမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့် တက်ဂ်ဘော ပြိုင်ပွဲ Teqball World Series 2026 ပြိုင်ပွဲကြီး၏ Women's Doubles ပြိုင်ပွဲတွင် မြန်မာအသင်းမှ မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်သည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် ကမ္ဘာ့ထိပ်တန်းအင်အားကြီးနိုင်ငံများမှ စာမျက်နှာ ၂၄ ကော်လံ ၁ ■



ရတနာပုံ ယနေ့ထုတ်စရာ

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ - ၁၈

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့်အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ စာမျက်နှာ ၂၄ ကော်လံ ၁ ❖

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီးမန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။(မိုး/၈လ)